ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တော်သလင်းလဆန်း ၁ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-8-2003) (၃၉၇၅)

ယနေ့ထုတ်စောင်ရေ ၂၁၀၅၉၀

မာတာပိတု ဥပဋ္ဌာနံ တေံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အိန္ဒိယသမ္မတနိုင်ငံသမ္မတထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အိန္ဒိယသမ္မတနိုင်ငံသမ္မတ ဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယဝန်ကြီးချုပ်ထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီအာတယ်လ်ဘီဟာရီ ဗာ့ချ်ပါရီထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

တာဝန်မှ အနားယူခွင့်ပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၅/၂၀၀၃)

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

တာဝန်မှ အနားယူခွင့်ပြုခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယနေ့မှစ၍ တာဝန်မှ အနားယူခွင့်ပြုလိုက်သည်–

(၁) ဗိုလ်မှူးချုပ်တင်အေး	စာရင်းစစ်ချုပ်
(၂) ဦးသန်းဦး	ဒုတိယတရားသူကြီးချုပ်

အမိန့်အရ

(ပုံ) ခင်ညွန့်
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာရင်းစစ်ချုပ် ခန့်အပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၆/၂၀၀၃)

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

စာရင်းစစ်ချုပ် ခန့်အပ်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗိုလ်ချုပ်လွန်းမောင်အား ယနေ့မှစ၍ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်လိုက်သည်။

အမိန့်အရ

(ပုံ) ခင်ညွန့်
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မြို့တော်ဝန် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(အမိန့်အမှတ် ၇/၂၀၀၃)

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (ရန်ကုန်မြို့တော်ဝန်)ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (ရန်ကုန်မြို့တော်ဝန်)အဖြစ် ယနေ့မှစ၍ ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ) ခင်ညွန့်
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး၌ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိ၍ စီမံကိန်းလုပ်ငန်းများဖြစ်သော ရေယူဥမင်လိုဏ်အထွက် တူးဖော်ခြင်းလုပ်ငန်း၊ ရေယူဥမင်လိုဏ်အဝင် တူးဖော်ခြင်းလုပ်ငန်း၊ ဥမင်လိုဏ်အတွင်း သံကူကွန်ကရစ်လိုင်နာ၊ သံမဏိပိုက်လိုင်နာများ တပ်ဆင်ခြင်းလုပ်ငန်း၊ ရေယူရေထိန်းတံခါး တပ်ဆင်ခြင်းလုပ်ငန်း၊ ရဲနွယ်ချောင်းဝဲ/ယာတမံ အပေါ်ယံမြေလွှာတူးဖော်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးက စီမံကိန်းမှ တာဝန်ရှိသူများအား လုပ်ငန်းများကို အပိုင်းလိုက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိအောင် ကြိုတင်စုဆောင်း ဖြည့်တင်းထားရှိရေး ဆွေးနွေးမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၇-၈-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဖော်ဆောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသအစွန်အဖျားပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အတွင်း ပြည်နယ်နှင့်တိုင်း ၁၄ ခုစလုံးတွင် ဖွံ့ဖြိုးမှုကွက်လပ်မကျန် ဖြည့်ဆည်းနိုင်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြင့် လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်စီမံကိန်းများကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံရလဒ်ကောင်းများကို ရရှိနေပြီဖြစ်သည်။

အထူးသဖြင့်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ မြင့်မားရေးကို တစ်နိုင်ငံလုံး လွှမ်းခြုံပြီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးမှုကြောင့် တိုင်းရင်းသားများအကြား ဆူကြိုနိမ့်မြင့် ကွာဟချက် လျော့နည်းပပျောက်လာပြီဖြစ်သည်။ ဒေသခံတိုင်းရင်းသားများကလည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာလက်တွဲ ကြိုးပမ်းလျက်ရှိသည်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်တိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ဒေသတွင်း လမ်းသစ်များဖောက်လုပ်ခြင်း၊ လမ်းဟောင်းများ အဆင့်မြှင့်ပြုပြင်ခြင်း အပါအဝင် တံတားသစ်အများအပြားကိုလည်း တည်ဆောက်ပေးခဲ့သည်။ တံတားကြီး ၄၂စင်း၊ တံတားငယ် ၆၅၆ စင်းနှင့် ကြိုးတံတား ၁၆ စင်းတို့ကို တည်ဆောက်ပေးခဲ့ပြီး ဆက်လက်၍လည်း တည်ဆောက်ပေးနေဆဲဖြစ်သည်။

နယ်စပ်ဒေသ နယ်မြေများတွင် စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုများ လုံးဝချုပ်ငြိမ်းစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ နယ်စပ်ဒေသ လယ်ယာကဏ္ဍ တိုးတက် ဖြစ်ထွန်းရေးအတွက် မြေပြန့်များတွင် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ခြင်း၊ ကုန်းမြင့်ဒေသများတွင် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ခြင်းများကို ကူညီပေးလျက်ရှိသည်။ စိုက်ပျိုးရေအတွက် တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၀ ရှိသည်။ တောင်သူများအတွက် သီးနှံမျိုးများကူညီခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ ပြသပေးခြင်းများ ဆောင်ရွက်နိုင်ရန် ထွန်စက်စခန်း၊ စိုက်ပျိုးရေးရုံးများနှင့် စိုက်ပျိုးရေးစခန်း ၁၁၅ခုတို့ကို ဖွင့်လှစ် အားပေးကူညီလျက်ရှိသည်။

ထို့အပြင် နယ်စပ်ဒေသနေပြည်သူများ၏ ကျန်းမာရေးအဆင့်မြင့်တင်နိုင်ရေးအတွက် ဆေးရုံ ၅၂ ရုံ၊ ဆေးပေးခန်း ၈၂ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၂၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ခုတို့ကို တည်ဆောက်ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ ကလေးငယ်များ ပညာသင်ကြားရေးတိုးတက်ကောင်းမွန်စေရန် ဖြည့်ဆည်းပေးမှုများတွင် စာသင်ကျောင်းများတိုးမြှင့်ဖွင့်လှစ်ပေးမှုများ ပါဝင်သည်။ ယခုအခါ မူလတန်းကျောင်း ၆၂၇ကျောင်း၊ အလယ်တန်းကျောင်း ၆၁ကျောင်းနှင့် အထက်တန်းကျောင်း ၆၂ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ထို့အပြင် နယ်စပ်ဒေသမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးသော တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်ရေး ပျိုးထောင်ပေးလျက်ရှိသည်ကို တွေ့ရသည်။ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၁၉ ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုပညာသင်တန်းကျောင်း ၁၃ ကျောင်း၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုတို့ကို ဖွင့်လှစ်ပြီး တိုင်းရင်းသားလူငယ်များအား သင်ကြားပေးလျက်ရှိသည်။

ယခုကဲ့သို့ နယ်စပ်ဒေသများ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့တွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၁၉၈၉ခုနှစ်မှ ၂၀၀၃ခုနှစ် ဇူလိုင်လ ၁ ရက်နေ့အထိ နိုင်ငံတော်က ဘဏ္ဍာငွေကျပ်သန်းပေါင်း ၄၅၇၆၂ ဒသမ ၈၇နှင့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် သုံးစွဲကျခံဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ရာ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးတို့ကို ပိုမိုဖြစ်ထွန်းစေကာ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အောင်မြင်ဖြစ်ထွန်းစေသဖြင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များက နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဖော်ဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တောင်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ဧကာဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် စနာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရွှေမော်ဝန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်လှိုင်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ၊ အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်လှိုင်က ရန်ကုန်တောင်ပိုင်းခရိုင် ဧကာဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်လှိုင်က ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အဆင့် ဧကာဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များကို ကျင်းပရာ မြန်မာပြည်ပတ္တမြားဆိုင်းအဖွဲ့နှင့် တွဲဖက်၍ သုံးခွမြို့နယ်မှ ဒေါ်ခင်မာလွင်က တစ်ပင်တိုင်အကဖြင့်လည်းကောင်း၊ ကျောက်တန်းမြို့နယ်မှ မမင်းမင်းမြတ်သူက ဗိုလ်ရှုသဘင်တေးသီချင်းဖြင့် သီဆို၍လည်းကောင်း၊ သုံးခွမြို့နယ်မှ မဇာနည်နန်းလွင်က ဆိုင်းတစ်ဦးချင်း လက်စွမ်းပြတီးခတ်၍လည်းကောင်း ကပြ၊ သီဆို၊ တီးခတ်ဖျော်ဖြေကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တောင်ပိုင်းခရိုင် ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကပြ၊ သီဆို၊ တီးခတ်ဖျော်ဖြေကြသူများအား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အဆင့် ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝါသနာရှင်အဆင့် ပြိုင်ပွဲများနှင့် ပညာရှင်အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာဝါသနာရှင်အဆင့် ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် ၇၇ဦးနှင့် ပညာရှင်အဆင့်ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် ခုနစ်ဦးတို့က ပြိုင်ပွဲဘာသာရပ်များအလိုက် ယှဉ်ပြိုင်ကြသည်။ ဆုရရှိကြသူများကို ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်လှိုင်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဂုဏ်ပြုပန်းခြင်းပေးအပ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲတွင် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ပခုက္ကူဦးအုံးဖေစာပေဆု စာမူတင်သွင်းရမည့် ရက်တိုးမြှင့်

ရန်ကုန် ဩဂုတ် ၂၆

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်လျက် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆုများရွေးချယ်ချီးမြှင့်လျက်ရှိသည်။ ၂၀၀၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲတွင် စာမူများပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်နိုးဆော်လျက်ရှိသည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပခုက္ကူဦးအုံးဖေ စာမူဆုပြိုင်ပွဲတွင် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ပြိုင်ပွဲဝင်စာမူအမျိုးအစားလေးမျိုး၌ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

စာမူနောက်ဆုံး တင်သွင်းရမည့်ရက်ကို ၂၀၀၃ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ တိုးမြှင့်သတ်မှတ်ပြီး ဆုရစာမူများကို ယခုနှစ်ကုန်တွင် ကြေညာကာ နှစ်ဆန်းတွင် ဆုပေးပွဲကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူပုံစံများကို ပခုက္ကူဦးအုံးဖေစာမူဆု ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စာတည်းမှူးချုပ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်တွင် ရယူနိုင်ပြီး နယ်မှစာမူတင်သွင်းလိုသူများသည် တံဆိပ်ခေါင်းဖိုး ကျပ် ၄၀နှင့် ပုံစံများဝယ်ယူနိုင်သည်။

(သတင်းစဉ်)



IDEA မဂ္ဂဇင်း

၂၆အုပ်မြောက်ဖြစ်သော ၂၀၀၃ ခုနှစ် စက်တင်ဘာလထုတ် IDEA မဂ္ဂဇင်းကို အမှတ် ၁၂၇ မြေညီထပ်၄၃လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ (က-ပ)

ဒါတွေကို သိဖို့လိုတယ်

✳ မြောက်တိုင်းလည်း မမြောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

တိုက်ခိုက်ရေးသမားများ နိမ်နင်းရေးစစ်ပွဲတွင် အီရတ်သည် ရှေ့တန်းစစ်မျက်နှာဖြစ်လာဟုဆို

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်ရှိ အရပ်ဘက်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ အမေရိကန်လူမျိုး ပေါလ်ဘရီမာက ယခုအခါ အီရတ်နိုင်ငံအတွင်းသို့ ပြည်ပမှ တိုက်ခိုက်ရေးသမားများ ရာနှင့်ချီ၍ရောက်ရှိနေသည်။ သို့ဖြစ်၍ အီရတ်နိုင်ငံမှာ ယခုအခါ တိုက်ခိုက်ရေးသမားများ၏ နှိမ်နင်းရေးစစ်ပွဲ၏ ရှေ့တန်းစစ်မျက်နှာ ဖြစ်လာနေပြီဟုဆိုသည်။

အမေရိကန် အရပ်ဘက်အုပ်ချုပ်ရေးမှူးက ဆီးရီးယားနိုင်ငံနှင့် အီရတ်၏ အခြားအိမ်နီးနားချင်းနိုင်ငံများအား နယ်စပ်ကို ဖြတ်ကျော်၍ အီရတ်နိုင်ငံအတွင်း ဝင်ရောက်နေသည့်အဖြစ်အပျက်များကို တားဆီးပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ တစ်ဖက်တွင်လည်း ယခုအထိ ကုလသမဂ္ဂရုံး ဗုံးဖောက်ခွဲမှုသည် မည်သူ၏လက်ချက်ဖြစ်သည်ကို မသိရသေးဘဲရှိသည်။

ရာနှင့်ချီ

အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည့် အချိန်မှစ၍ ရေတွက်လျှင်ယနေ့အချိန်အထိ ပြည်တွင်း၌ တိုက်ခိုက်ရေးသမားပေါင်း ရာနှင့်ချီ၍ရောက်ရှိနေနိုင်သည်ဟု ဘရီမာက အေဘီစီရုပ်မြင်သံကြားဌာနကို ပြောကြားခဲ့သည်။ ထိုတိုက်ခိုက်ရေးသမားများသည် နိုင်ငံတကာကို ခြိမ်းခြောက်နေသူများလည်းဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသွားသည်။

ပြည်ပ တိုက်ခိုက်ရေးသမားများက နယူးယောက်မြို့ကို တိုက်ခိုက်မှုဖြင့် အကြီးအကျယ် ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲများကို နိုင်ရိုဘီမြို့၊ ဒါရက်ဆလမ်မြို့၊ ဆိုမာလီရာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံများတွင် တွေ့နိုင်သည်။ ယခုအခါ တိုက်ခိုက်ရေးသမား များစွာသည် အီရတ်နိုင်ငံအတွင်း ဝင်ရောက်လာလျက်ရှိသည်ဟု ဘရီမာက ပြောကြားသည်။

ငြိမ်နေ၍မဖြစ်

ယခုကိစ္စတွင် မိမိတို့သည် ငြိမ်နေ၍မဖြစ်၊ ယခုတိုက်ခိုက်မှုသည် ကမ္ဘာ့မိသားစုကို တိုက်ခိုက်ခြင်း ဖြစ်ကြောင်း အင်္ဂါနေ့အဖြစ်အပျက်က ပြသခဲ့ပြီးဖြစ်ကြောင်းဖြင့် ဘရီမာက ဖြည့်စွက်ပြောကြားသွားသည်။

အီရတ်နိုင်ငံတွင် ဖြစ်ပွားသော တိုက်ခိုက်မှု ၉၀ ရာခိုင်နှုန်းကျော်သည် ဆက်ဒမ်ဟူစိန် လက်ထက်က အကြွင်းအကျန်များ၏ လက်ချက်ဖြစ်ပြီး တိုက်ခိုက်မှု အများစုမှာ ဘဂ္ဂဒက်နှင့် ဆက်ဒမ်အား ထောက်ခံမှု အားကောင်းရာ တီကရစ်မြို့များအကြားတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်ဟုဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးအဆောက်အအုံ တိုက်ခိုက်ခံရသည့်ဖြစ်ရပ် ဩဂုတ် ၁၉ ရက်က ဖြစ်ပွားခဲ့ပြီးနောက် ကုလသမဂ္ဂ အဖွဲ့အစည်းအား ထောက်ခံမှုရှိကြောင်း အီရတ်ရှိ မွတ်စလင်အုပ်စုများက မြို့တော်ဘဂ္ဂဒက်တွင်အင်္ဂါနေ့ကလှည့်လည်အင်အားပြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်သားနှစ်ဦး အီရတ်တွင် ထပ်မံသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၅

အမေရိကန် ကွပ်ကဲမှုဌာနချုပ်က တနင်္လာနေ့တွင် ကြေညာချက်ထုတ်ပြန်ရာ၌ ရန်လိုသော ပစ်ခတ်မှုကြောင့်မဟုတ်ဘဲ ယူဖရေးတီးမြစ်အတွင်း ရေကူးရာမှ အမေရိကန်စစ်သားတစ်ဦးသည် ရေနစ်သေဆုံးခဲ့ရသည်ဟု ဖော်ပြထားသည်။ သေဆုံးသွားသောစစ်သားမှာ အမှတ်(၃) ယန္တရားတပ်မမှ စစ်သည် ဖြစ်သည်။

ရှာဖွေတွေ့ရှိ

အာရာမာဒီမြို့၏အနောက်ဘက် ဟာဒီသာဆည်အနီး ရေကူးနေစဉ် ထိုစစ်သားမှာ တနင်္လာနေ့ည ရှစ်နာရီခွဲအချိန်တွင် ရေနစ်သေဆုံးသွားခဲ့သည်။ ရေနစ်ရာဒေသကို စနစ်တကျ ရှာဖွေခဲ့ပြီးနောက် သေဆုံးသွားသူ၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

သေဆုံးခဲ့ရ

စောစောပိုင်းကလည်း အမှတ်(၃) ယန္တရားတပ်မမှ အခြားစစ်သားတစ်ဦးသည် ရန်လိုသော ပစ်ခတ်မှုကြောင့် မဟုတ်ဟု ဆိုသော ဒဏ်ရာဖြင့်ပင် တနင်္လာနေ့က သေဆုံးခဲ့ရကြောင်း အမေရိကန် ကွပ်ကဲမှုဌာနချုပ်က ဖော်ပြသွားသည်။

ထိုဖော်ပြချက်တွင် မည်သည့်အကြောင်းကြောင့် မည်သည့်နေရာတွင် အခင်း ဖြစ်ပွားခဲ့သည်ဟု ဆိုသော အကြောင်းအချက်များကို ဖော်ပြထားခြင်းမရှိပေ။ ***အင်တာနက်။***

တိုက်ခိုက်ရေးသမားများ၏ ပစ်မှတ်ဖြစ်နိုင်ကြောင်း သတိပေး အီရတ်ရှိ ကြက်ခြေနီရုံး ဝန်ထမ်းအင်အား လျှော့မည်

ဘဂ္ဂဒက် ဩဂုတ် ၂၅

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့အစည်းသည် ဘဂ္ဂဒက်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအင်အားကို လျှော့ချသွားမည်ဟု တနင်္လာနေ့ကဆိုသည်။ ကြက်ခြေနီအဖွဲ့အစည်းကို တိုက်ခိုက်ရေးသမားများက ပစ်မှတ်အဖြစ်ထား၍ တိုက်ခိုက်ဖွယ်ရာရှိကြောင်း သတိပေးချက်ရရှိပြီးနောက် ယခုကဲ့သို့ လျှော့ချရခြင်းဖြစ်သည်။

ဇူလိုင် ၂၂ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ယာဉ်တန်းတစ်ခုကို တိုက်ခိုက်ရာ၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တွင် တာဝန်ထမ်းနေသော သီရိလင်္ကာနိုင်ငံမှ ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ရသည်။ ထို့နောက်ပိုင်းမှစ၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သည် အီရတ်ရှိ ဝန်ထမ်းအင်အားကို နည်းနည်းချင်း လျှော့ချလျက်ရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး နာဒါဒူမာနီက ပြောကြားသည်။

ဝန်ထမ်းများကို လျှော့ချသွားမည် ဖြစ်သော်လည်း သူမမှာ ဆက်လက်နေထိုင်မည်ဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် အီရတ်တွင် အင်အား ၅၀ သာ ထားမည်ဟုဆိုသည်။

များစွာ စိတ်ပျက်မိ

ကြက်ခြေနီတွင် အမှုထမ်းနေသူ ဝန်ထမ်းများ၏ လုံခြုံရေးနှင့် ဝန်ထမ်းများနှင့် ထိတွေ့လုပ်ကိုင်ရသည့်ညှော့သည်များ၏ လုံခြုံရေးကိုပါ အလေးထားရသည်။ အချို့အုပ်စုများသည် ကြက်ခြေနီအဖွဲ့ လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေသည်ကို မလိုလားကြကြောင်း၊ အီရတ်ပြည်သူများ အကူအညီလိုအပ်နေချိန်တွင် ကြက်ခြေနီအဖွဲ့အနေဖြင့် ယခုကဲ့သို့ အင်အားလျှော့ချခဲ့ရသည့်အတွက် များစွာစိတ်ပျက်မိကြောင်း သူမက ပြောကြားသွားသည်။ ***အင်တာနက်။***

ကွန်ပျူတာဗိုင်းရပ်စ် ပြိုကွဲပျက်စီးသွားပုံရ

နယူးယောက် ဩဂုတ် ၂၆

ကွန်ပျူတာဗိုင်းရပ်စ် ဆိုဘစ်ဒေါ့အက်ဖ်သည် ယမန်နေ့တွင် အစိတ်စိတ်အမြွှာမြွှာပြိုကွဲကာ ပျက်စီးသွားပုံရသည်။ ကမ္ဘာ့တစ်ဝန်းတွင် ယမန်နေ့က ဆိုဘစ်၏ ကူးစက်ပျံ့နှံ့တိုက်ခိုက်မှုကိုခံရမည်ဟု မျှော်မှန်းထားခဲ့မှုများသည် ယခင်ရက်က တစ်သိန်းလေးသောင်းငါးထောင်ရှိခဲ့ပြီး ယခု ကူးစက်မှုသည် ကိုးသောင်းရှစ်ထောင်ထိသာရှိခဲ့ခြင်းကြောင့် သုံးပုံတစ်ပုံ လျော့နည်းခဲ့သည်။ ယခုကဲ့သို့ ဆိုဘစ်ဒေါ့အက်ဖ် ကွန်ပျူတာဗိုင်းရပ်စ်ကူးစက်မှုလျော့နည်းလာရခြင်းသည်ကွန်ပျူတာဗိုင်းရပ်စ်ကို ကာကွယ်တိုက်ဖျက်သည့် ထရင်းဒ်မိုက်ခရိုဆော့ဖ်ဝဲကြောင့်ဖြစ်ကြောင်း သိရသည်။ ***စီအင်န်အင်န်။***

အဝေးကြည့်မှန်ပြောင်း အာကာသ လွှတ်တင်

ဝါရှင်တန် ဩဂုတ် ၂၆

နာဆာအဖွဲ့သည် ဘိုးအင်းဒယ်လ်တာ (၂)ဟု ခေါ်သည့် ဒုံးပျံသစ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ ကာနာဗာရယ်အငူမှ လွှတ်တင်ခဲ့သည်။ ယင်းဒုံးပျံသစ်ထဲတွင် အာကာသသုံး အနီအောက်ရောင်ခြည် အဝေးကြည့်မှန်ပြောင်းတစ်ခုပါရှိပြီး စကြဝဠာ၏ အမှောင်ဆုံးနှင့် အအေးဆုံး ဝင်ရိုးစွန်းကို ကြည့်ရှုမည် ဖြစ်သည်။ အဆိုပါမှန်ပြောင်းသည် ဟာဗယ်အာကာသမှန်ပြောင်းနှင့် ချန်ဒရာအိတ်စထရေးလေ့လာရေးကိရိယာတို့ကဲ့သို့ အသုံးပြုမည်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသွားသည်။ ***စီအင်န်အင်န်။***

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာပင်လယ်ဆိပ်ကမ်းမြို့တွင် ဗြိတိသျှစစ်သည်သုံးဦး ပြောက်ကျားနည်းဖြင့် တိုက်ခိုက်ခံရပြီးနောက် ဆိပ်ကမ်းဒေသအား စောင့်ကြပ်နေသော ဗြိတိသျှစစ်သည်များကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာကာသ အစီအစဉ် ဘရာဇီး ဆက်လက် ကြိုးပမ်းမည်

ဆောလူးဝစ် (ဘရာဇီး) ဩဂုတ် ၂၅

ဘရာဇီးနိုင်ငံ၌ သောကြာနေ့က ဒုံးပျံပေါက်ကွဲမှု ဖြစ်ပွားရာ လူပေါင်း ၂၁ ဦးသေဆုံးကာ အာကာသသို့ ဂြိုဟ်တုလွှတ်တင်ရေး တတိယအကြိမ်မြောက် ကြိုးပမ်းမှု အဆုံးသတ်လိုက်သည်။

သို့ရာတွင် ဘရာဇီးနိုင်ငံက အာကာသအစီအစဉ်ကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း စနေနေ့က ပြောကြားခဲ့သည်။

အဆိုပါ လူမလိုက်ပါသော ဒုံးပျံကို ကမ္ဘာပတ်လမ်းသို့ လွှတ်တင်မည့် ဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်နိုင်ရန် တည်ဆောက်ထားသည့် အင်ဂျင်မတော်တဆ မီးတောက်လောင်ပြီးနောက် ထိုသို့ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

လေးစားဦးညွှတ်

ဆောလူးဝစ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ဘရာဇီးကာကွယ်ရေးဝန်ကြီး ဂျို့စ်ဗီးဂက်စ်က သေဆုံးသွားခဲ့သူ ၂၁ ဦး၏ အမည်များကို ဖတ်ပြခဲ့ကာ ဘရာဇီးနိုင်ငံ ဖွံ့ဖြိုးရေးအတွက် အသက်ပေးသွားခဲ့သူများအား လေးစားဦးညွှတ်ပါကြောင်း ပြောကြားသည်။

အသက်ပေးသွားကြသူများအား အချည်းနှီး မဖြစ်စေရန် ဘရာဇီးနိုင်ငံ၏ အာကာသအစီအစဉ်ကို ဆက်လက်လုပ်ကိုင်သွားမည်ဟု ၎င်းကထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်

မြို့တော်ဘဂ္ဂဒက်မြောက်ဘက်ရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဘာကူဘာမြို့တွင် ရှီးယားမွတ်စလင်တို့၏ ဆန္ဒပြပွဲတစ်ရပ်အတွင်း အမေရိကန်ဆန့်ကျင်ရေးကြွေးကြော်သံများ ဟစ်ကြွေးလျက်ရှိစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အမေရိကန်တပ်များ တပ်စွဲထားမှု တိုက်ခိုက်ရေးသမားများ စုရုံးရန် ဖိတ်ခေါ်သလိုဖြစ်နေ

ဘဂ္ဂဒက် ဩဂုတ် ၂၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂအဖွဲ့ရုံးချုပ်ကို ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီးနောက် အီရတ်နိုင်ငံအတွင်း **အမေရိကန်ကျူးကျော်တိုက်ခိုက် သိမ်းပိုက်မှုမှာ မအောင်မြင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော်** ယင်းသို့ အမေရိကန်သိမ်းပိုက်ထားသည့်အတွက် အီရတ်နိုင်ငံသို့ တိုက်ခိုက်ရေးသမားများ လာအောင် ဖိတ်ခေါ်သကဲ့သို့ရှိပြီး အမေရိကန် ဆန့်ကျင်ရေးကို မွေးထုတ်ပေးလိုက်သည့်အတွက်ဖြစ်ကြောင်း ကျွမ်းကျင်သူအချို့က **စောဒကတက်ကြသည်။**

အာရုံစိုက်လာ

အီရတ်နိုင်ငံ၌ အမေရိကန်တပ်များ တပ်စွဲထားခြင်းကြောင့် တိုက်ခိုက်ရေးသမားမျိုးစုံ အီရတ်သို့ အာရုံစိုက်စုစည်းလာသည်မှာလည်းမှန်သည်။ အစ္စလာမ်အစွန်းရောက်များက အမေရိကန်နိုင်ငံကို ဝိုင်းဝန်းဆန့်ကျင်လာသည်မှာလည်း အမှန်ပင်ဖြစ်သည်။

အမှန်စင်စစ် အမေရိကန်ဆန့်ကျင်ရေးသမားများက စစ်ပြီးခေတ် အီရတ်တွင် အရှုံး၊ အနိုင် တစ်ခုခု အဖြေထွက်မည်ကို သိထားသည်။ ထို့ကြောင့်ပင် အီရတ်ကို ၎င်းတို့ တာစူအာရုံစိုက်လာကြခြင်းဖြစ်သည်။

အမေရိကန်၏ သဘောတရားများ အီရတ်၌ အကောင်အထည်မဖော်နိုင်ဘဲ ရှုံးနိမ့်သွားလျှင် ထိုဒေသတစ်ခုလုံး အမေရိကန်တို့ လက်လွှတ်ရုံသာရှိသည်။ အကယ်၍ အမေရိကန်၏ သဘောတရားများ အီရတ်၌ အောင်မြင်ဖြစ်ထွန်းသွားလျှင်လည်း ဒေသတစ်ခုလုံးသို့ ကူးစက်အောင်မြင်ကာ အမေရိကန်တို့ အောင်ပွဲခံရုံရှိတော့သည်။ အီရတ်၌ အမေရိကန်ဆန့်ကျင်ရေးကို ဦးဆောင်သူများကား အစ္စလမ္မစ်ဝါဒီများဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ပြောဆိုကြသည်။

အင်တာနက်။

လက်နက်ခြိမ်းခြောက်မှု ဩစတြေးလျအစိုးရ ပုံကြီးချဲ့ခဲ့ဟုဆို

ကင်ဘာရာ ဩဂုတ် ၂၅

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့်တပ်များ တိုက်ခိုက်မှုတွင် ပါဝင်ခြင်းမှာ တရားမျှတပါသည်ဟုဆိုရန် အီရတ်၏ လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ၏ ခြိမ်းခြောက်မှုကို ဩစတြေးလျအစိုးရက လိမ်လည်မှုသာ သုံးခဲ့ကြောင်း စုံစမ်းရေးအဖွဲ့ကို ယမန်နေ့က တင်ပြအသိပေးလိုက်သည် ဆို၏။

အမေရိကန်၏ ရင်းနှီးသော မဟာမိတ်ဖြစ်သည့် ဩစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် ထောက်လှမ်းရေး သတင်းတွင် အဓိပ္ပာယ်နှစ်ခွရှိသည့် ကိုးကားချက်ကို ရည်ညွှန်းချမှတ်လျက် ဧကန်မရှိသည့် အီရတ်၏ အဖျက်အားပြင်းလက်နက်အခြေအနေကို ဖန်တီးကြောင်းဖြင့် ဩစတြေးလျနိုင်ငံ၏ အီရတ်စစ်ရေး စွက်ဖက်မှုကို ကန့်ကွက်ကာ မတ်လအတွင်းက ရာထူးမှထွက်သွားသော အင်ဒရူးဝီလီက ပြောကြားလိုက်သည်။

အင်တာနက်။

အီရတ်အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်မှုပေးရေး အမေရိကန်တပ်ဖွဲ့များ လျစ်လျူရှုနေဟု စွပ်စွဲပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၂၅

အမေရိကန် သိမ်းပိုက်ရေးတပ်ဖွဲ့များသည် အီရတ်နိုင်ငံလမ်းမများပေါ်၌ အမျိုးသမီးများအား အကာအကွယ် စောင့်ရှောက်မှုပေးရေးကို လျစ်လျူရှုနေကြကြောင်း အီရတ်နိုင်ငံရှိ အမျိုးသမီးများ လွတ်လပ်ခွင့်ရရှိရေးအဖွဲ့အစည်းက တနင်္ဂနွေနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

အမျိုးသမီး ၄၀၀ ကျော်မှာ ပြန်ပေးဆွဲခံရမှု၊ အဓမ္မပြုကျင့်ခံရမှုနှင့် ရောင်းစားခံရမှုတို့ကို ခံစားနေရကြောင်း အဆိုပါအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူး ဟာနာမိုဟာမက်က ဘဂ္ဂဒက်မြို့လယ်တွင် ကျင်းပသည့် လူထုစည်းဝေးပွဲ၌ သတင်းထောက်များအား ပြောကြားသည်။ အထူးသဖြင့် ဘဂ္ဂဒက်မြို့ရှိ လမ်းများပေါ်တွင် ယင်းရာဇဝတ်မှုများ နေ့စဉ်လိုလိုဖြစ်ပွားဆဲရှိကြောင်း၊ အမေရိကန်စစ်တပ်ကလည်း လုံးဝဂရုမစိုက်ကြောင်း ၎င်းကပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များသည် လမ်းမများပေါ်တွင် လုံခြုံမှုရှိစေရန် လုံလုံလောက်လောက် ဆောင်ရွက်ခြင်းမရှိကြောင်း၊ အီရတ် အုပ်ချုပ်ရေးကောင်စီနှင့် အမေရိကန် အရပ်သားအုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာတို့ထံမှ အကူအညီပေးရန် မေတ္တာရပ်ခံခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ရကြောင်း အဆိုပါအဖွဲ့အစည်းက ပြောကြားသည်။

တောင်းဆို

ဘဂ္ဂဒက်မြို့ အဓိကလမ်းမကြီးများတွင် လုံခြုံရေးအစောင့်များချထားကင်းလှည့်ရန် မိမိတို့ တောင်းဆိုကြောင်းနှင့် လိင်ကိစ္စ ကျူးလွန်သူများအား ကြီးလေးသည့် ပြစ်ဒဏ်ပေးရန်လည်း တောင်းဆိုကြောင်း မိုဟာမက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဒီမဲလိုး၏ ရုပ်ကလာပ် ဂျီနီဗာသို့ သယ်ဆောင်

ရီယိုဒီဂျနေရို ဩဂုတ် ၂၅

ကွယ်လွန်သူ ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလိုး၏ အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားကို ၎င်း၏ ဇာတိမြို့၌ ကျင်းပပြီး နောက်တစ်ရက်တွင် ၎င်း၏ ရုပ်ကလာပ်ကို တင်ဆောင်သည့် ဘရာဇီးလေတပ်မတော်မှ ဘိုးအင်း-၇၀၇ ဂျက်လေယာဉ်ကြီးသည် ဂျီနီဗာမြို့သို့ သယ်ဆောင်သွားသည်။

ဒီမဲလိုး၏ ရုပ်ကလာပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ နာမည်ကျော် ဘာသာရေး စူးစမ်းလေ့လာသူ ဂျွန်ကယ်လ်ဗင်နှင့် အာဂျင်တီးနား စာရေးဆရာ ဂျော့ကူစီကော်ဂက်စ်တို့ကဲ့သို့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ မြှုပ်နှံသင်္ဂြိုဟ်ရာ ပလိန်းပါလိုင်းစ်သချႋုင်းတွင် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဒီမဲလိုး၏ ပြင်သစ်သူဇနီး အယ်နီက တနင်္ဂနွေနေ့တွင် ထုတ်ဖော်ကြေညာလိုက်သည်။

မစ္စတာဒီမဲလိုး၏ ရုပ်ကလာပ်ကို မူလက ဂျီနီဗာမြို့နှင့် သိပ်မဝေးသည့် ပြင်သစ်မြို့သို့ နွန်လက်စ်ဘိန်းမြို့ အနီးတွင် သင်္ဂြိုဟ်ရန်ဖြစ်သော်လည်း အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲ တက်ရောက်သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ၎င်း၏မိသားစုအား သိမ်းသွင်းစည်းရုံးနိုင်သည့်အတွက် ယခုအခါ ဂျီနီဗာမြို့ ပလိန်းပါလိုင်းစ်သချႋုင်းတွင် သင်္ဂြိုဟ်ရန် စီစဉ်နိုင်ခြင်းဖြစ်သည်ဟု သိရသည်။ ဂျီနီဗာမြို့ ကုလသမဂ္ဂရုံးက မစ္စတာဒီမဲလိုး၏ ဈာပနအခမ်းအနားကို ကြာသပတေးနေ့တွင် ပြုလုပ်ရန် စီစဉ်သော်လည်း ရက်အတိအကျ မသတ်မှတ်ရသေးဟု သိရသည်။

အင်တာနက်။

ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် ဩဂုတ် ၂၆ ရက်က ကျင်းပသော န၀မ အကြိမ် ကမ္ဘာ့အားကစားပြိုင်ပွဲ၌ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ၁၀ ဒသမ ၀၇ စက္ကန့်ဖြင့် ဗိုလ်စွဲသွားသော စိန့်ကစ်နှင့်နီဗစ်ကျွန်းမှ ကင်ကောလင်း အောင်ပွဲခံစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)



ကမ္ဘာ့ဆင်စွယ် မှောင်ခိုထုတ်ရာလမ်းတွင် ယူဂန္ဒာနိုင်ငံ အဓိကကျလာ

ကမ်ပါလာ ဩဂုတ် ၂၅

ယူဂန္ဒာ နိုင်ငံသည် ကမ္ဘာပေါ်ရှိ ဆင်စွယ် တရားမဝင် သယ်ဆောင်ရာ လမ်းကြောင်းတွင် အဓိကကျသော နိုင်ငံ တစ်နိုင်ငံ ဖြစ်လာကြောင်း ဆန်းဒေးဗွီးရှင်း သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

ဆင်စွယ် ဈေးကွက်များ တည်ရှိရာ တရုတ်၊ ဂျပန်နှင့် အရှေ့တောင်အာရှ နိုင်ငံများသို့ ဆင်စွယ် တရားမဝင် သယ်ဆောင်ရာတွင် ယူဂန္ဒာနိုင်ငံကို ဖြတ်သန်းသွားကြောင်း ယူဂန္ဒာ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့ အကြီးအကဲ အာသာမူဂစ်ရှာက ပြောကြားသည်။

ဆင်စွယ် တင်ပို့ရာတွင် အရပ်ဘက်ဘတ်စ်ကားများ၊ ထရပ်ကားများနှင့် စစ်ဘက်ဆိုင်ရာ ယာဉ်များကို အသုံးပြုပြီး မြို့တော် ကမ်ပါလာသို့ ပို့ဆောင်ကြောင်း ဆန်းဒေးဗွီးရှင်း သတင်းစာက ဖော်ပြသည်။

မြို့တော် ကမ်ပါလာသို့ ရောက်ရှိလာသော ဆင်စွယ်များကို တရားဝင် ပြည်ပ ပို့ကုန်များအတွင်း သိုဝှက်ကာ ကုန်သေတ္တာများအတွင်းသို့ ထည့်သွင်းပြီး ယင်းနောက်တွင် ရထားလမ်း သို့မဟုတ် ထရပ်ကားများဖြင့် ကင်ညာနိုင်ငံ မွမ်ဘာဆာသို့ တင်ပို့ပြီး ပြည်ပသို့ ဆက်လက် တင်ပို့ကြောင်း သတင်းစာက ရေးသားသည်။

ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးနှင့် ချဒ် လူမျိုးတစ်ဦးတို့ကို ဆင်စွယ် အချို့နှင့်အတူ ဇူလိုင် ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သတင်းစာက ဆက်လက်ရေးသား ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနှင့်မလေးရှား ခရီးသွားလုပ်ငန်းဆိုင်ရာ စာချုပ်ချုပ်

နယူးဒေလီ ဩဂုတ် ၂၅

အိန္ဒိယသည် မလေးရှားနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီမှုရရှိထားကြောင်း၊ နှစ်နိုင်ငံရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် တိုးချဲ့ဆောင်ရွက်ရေးအတွက် အပြန်အလှန် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးအဖွဲ့ အစည်းအဝေးအပြီးတွင် အိန္ဒိယပါလီမန်ရေးရာဝန်ကြီး ဆရှမာဆွာရပ်ချ်က စနေနေ့တွင် ပြောကြားသည်။

နှစ်နိုင်ငံအပြန်အလှန်ဖလှယ်ရေး

အိန္ဒိယနှင့်မလေးရှားတို့သည် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ရန် သုတေသနနှင့် ဖွံ့ဖြိုးရေးနယ်ပယ်၊ သင်တန်းပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များ၌ နှစ်နိုင်ငံ အပြန်အလှန်ဖလှယ်ရေး အစီအစဉ်များ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒေါက်တာကယ်လီသေဆုံးမှု စာမျက်နှာ ၉၀၀၀ပါ သက်သေခံများ အင်တာနက်မှ ထုတ်ပြန်

လန်ဒန် ဩဂုတ် ၂၅

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ဝန်ကြီးချုပ်ရာထူးသက်တမ်းတွင် ယခုအထိ အဆိုးရွားဆုံး အကျပ်အတည်းကို အစပျိုး မီးမွှေးပေးလိုက်သည့် ဗြိတိန်လက်နက်ကျွမ်းကျင်သူ ဒေါက်တာကယ်လီ ကိုယ့်ကိုယ်ကိုယ် သတ်သေပုံ ပေါက်သည့် အမှုကို စုံစမ်းစစ်ဆေးသည့် တရားရေးရာ စုံစမ်းစစ်ဆေးရေးအဖွဲ့က ဝန်ကြီးချုပ်ရုံး၏ အတွင်းရေး လုပ်ငန်းဆောင်ရွက်ပုံများကို ဖွင့်ထုတ်ထားသည့် သက်သေခံ စာရွက်စာတမ်းပေါင်း စာမျက်နှာ ၉၀၀၀ ခန့်ကို ကွန်ပျူတာအင်တာနက်ပေါ်သို့ စနေနေ့က ပေးပို့ထုတ်ပြန်ကြေညာလိုက်သည်။

ဖတ်ရှုနိုင်ကြပြီ

အဆိုပါ သက်သေခံ အထောက်အထားများမှာ အစိုးရအဖွဲ့ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဘီဘီစီ၊ ဗြိတိန်ပါလီမန် နိုင်ငံခြားရေးရာကော်မတီတို့က စုံစမ်းရေးအဖွဲ့သို့ တင်သွင်းသည့် စာရွက်စာတမ်းများဖြစ်ပြီး ယခုအခါတွင် အဆိုပါ သက်သေခံ စာရွက်စာတမ်းများ၊ သတင်းစာပါ အကြောင်းအချက်များကို ကွန်ပျူတာအင်တာနက်တွင် ဖတ်ရှုနိုင်ကြပြီ ဖြစ်သည်။

ဗြိတိန်အစိုးရ၏ အတွင်းစည်း ဆက်သွယ်ဆောင်ရွက်မှုများ အပါအဝင် အဆိုပါ သက်သေခံ အထောက်အထား အများအပြားမှာ သာမန်အားဖြင့် နှစ်ပေါင်း ၃၀ ကြာ လျှို့ဝှက်ချက်များအဖြစ် သိမ်းဆည်းထားရမည့် ပစ္စည်းများဖြစ်ကြောင်း ဗြိတိန်စာနယ်ဇင်းများက ရေးသားကြသည်။

မေးခွန်းများမေးလာ

အီရတ်လက်နက်ပြဿနာ ပုံကြီးချဲ့မှုနှင့် စပ်လျဉ်း၍ သတင်းပေါက်ကြားသူအဖြစ် ရောက်ရှိသွားသူ ဗြိတိန် လက်နက်ပါရဂူ ဒေါက်တာကယ်လီ သေဆုံးပြီးကတည်းက ဝန်ကြီးချုပ်တိုနီဘလဲ၏ ဗြိတိန်အစိုးရမှာ ပြည်သူ့ထောက်ခံမှု ပထမဆုံး တစ်ရှိန်ထိုး ကျဆင်းခဲ့ရသည်။ ဗြိတိန်ပြည်သူအများစုက အစိုးရအပေါ် ယုံကြည်ထိုက်မှုနှင့် စပ်လျဉ်း၍ မေးခွန်းများ မေးလာကြပြီဖြစ်ကြောင်း ပြည်သူ့ဆန္ဒသဘောထား ကောက်ယူရရှိမှုများက ကြေညာနေသည်ဆို၏။

အမ်အင်အေ၊ဆင်ဟွာ။

ကုလသမဂ္ဂဝန်ထမ်းများ ကာကွယ်စောင့်ရှောက်ရေး ဆုံးဖြတ်ချက် အတည်ပြုနိုင်ရန် မက္ကဆီကို ကြိုးပမ်း

ကုလသမဂ္ဂ ဩဂုတ် ၂၅

ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံး အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ရမှုကြောင့် ကုလသမဂ္ဂ အကူအညီပေးရေးဝန်ထမ်းများအား ကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေတစ်ရပ်ကို အတည်ပြုနိုင်ရန် ကမ္ဘာတစ်ဝန်းမှ နိုင်ငံများအား တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို လုံခြုံရေးကောင်စီသို့ တင်ပြရန် မက္ကဆီကိုနိုင်ငံက တနင်္လာနေ့တွင် ကြိုးပမ်းလိုက်သည်။

သို့ရာတွင် အမေရိကန်က ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ထားသည့် အသစ်ဖွဲ့စည်းထားသော နိုင်ငံတကာ ရာဇဝတ်ပြစ်မှု တရားရုံးအား ရည်ညွှန်းထားသည့်အတွက် လုံခြုံရေးကောင်စီ ၁၅ နိုင်ငံအနက် အမေရိကန် တစ်နိုင်ငံတည်းကသာ မက္ကဆီကိုနိုင်ငံ၏ အစီအစဉ်ကို ဆန့်ကျင်သည်။

အချုပ်အခြာ အာဏာပိုင်မှုကို ချိုးဖောက်မှုအဖြစ် ဘုရှ်အစိုးရက ဆန့်ကျင်ထားသည့် အဆိုပါ တရားရုံးနှင့် ပတ်သက်သော အသုံးအနှုန်းများကို ဖယ်ရှားပစ်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက မက္ကဆီကိုနိုင်ငံကို ဖိအားပေး တိုက်တွန်းနေသည်ဟု သံတမန်များက ပြောကြားသည်။

ဆုံးဖြတ်ချက်အား အတည်ပြုနိုင်ရေးအတွက် တင်ပြရန် တနင်္လာနေ့၌ အစည်းအဝေး ပြုလုပ်သင့်ကြောင်း မိမိတို့က လုံခြုံရေးကောင်စီဥက္ကဋ္ဌကို တိုက်တွန်းခဲ့သည်ဟု ကုလသမဂ္ဂဆိုင်ရာ မက္ကဆီကိုဒုတိယသံအမတ်ကြီး ဘားလို့စ် ပူဂျယ်တီက သတင်းထောက်များအား ပြောကြားသည်။

ယင်းဆုံးဖြတ်ချက်မှာ ကုလသမဂ္ဂ အမှုထမ်းများအား ကာကွယ်စောင့်ရှောက်ရန်နှင့် အကူအညီပေးနိုင်ရန် အရေးပါသည့် အစီအစဉ်ဖြစ်လိမ့်မည်ဟု ထင်မြင်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကာနေဗယ်ပွဲတော်

ဗြိတိန်နိုင်ငံ လန်ဒန်တွင် နော့တင်ဟီးလ် ကာနေဗယ် ပွဲတော်အတွင်း ကချေသည် မိန်းကလေးတစ်ဦးကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-ဆင်ဟွာ)*

အာရပ်အဖွဲ့ချုပ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ကိုယ်စားလှယ်တစ်ဦး လွှတ်မည်ဟု အီရတ်အုပ်ချုပ်ရေးကောင်စီ ပြောဆို

ကိုင်ရို ဩဂုတ် ၂၅

ကိုင်ရိုမြို့တွင် စက်တင်ဘာ၌ ကျင်းပမည့် အာရပ်အဖွဲ့ချုပ် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးသို့ ကိုယ်စားလှယ်တစ်ဦး တက်ရောက်မည်ဖြစ်ကြောင်း အာရပ်နိုင်ငံများ၏ ထောက်ခံမှုကို မရရှိဘဲ ဖြစ်နေရသည့် အမေရိကန်တို့ ခန့်အပ်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီ၏ အကြီးအကဲက တနင်္ဂနွေနေ့၌ ပြောကြားသည်။

အီဂျစ်နိုင်ငံသို့ အီရတ်အုပ်ချုပ်ရေး ကောင်စီဝင်များက ပထမဆုံးအကြိမ် အဆင့်မြင့် အလည်အပတ်လာရောက်သည့် အီဘရာဟင်ဂျာဖာရီနှင့် ကိုယ်စားလှယ်အဖွဲ့သည် အီရတ်အုပ်ချုပ်ရေး ကောင်စီ တရားဝင် ရပ်တည်မှုကို အသိအမှတ်မပြုကြောင်း အီဂျစ်နိုင်ငံက အလေးအနက် ပြောကြားသော်လည်း ကိုင်ရိုမြို့၌ အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်မာဟာနှင့်ဝန်ကြီးချုပ်အတက်ဖ် အိုဘိုက်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့အပြင် အီရတ်ကိုယ်စားလှယ်အဖွဲ့သည် အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် အမာမူဆာနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ မူဆာသည် ဆက်ဒမ်ဟူစိန်အစိုးရအား ဖယ်ရှားရန် ဆင်နွှဲသည့် အမေရိကန်ဦးဆောင်သော စစ်ပွဲကို အပြင်းအထန် ဆန့်ကျင်ခဲ့သူဖြစ်သည်။

ယခုလ စောစောပိုင်းက အာရပ်အဖွဲ့ချုပ်မှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သည့် အုပ်စုတစ်စုက အစည်းအဝေး ကျင်းပခဲ့ပြီး အီရတ်အုပ်ချုပ်ရေး ကောင်စီ ဖွဲ့စည်းမှုသည် မှန်ကန်သည့် ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု ပြောကြားသော်လည်း အာရပ်အဖွဲ့ချုပ်က အီရတ်နိုင်ငံ၏ နေရာတွင် အဆိုပါကောင်စီကို နေရာပေးသင့်၊ မပေးသင့် ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်း မရှိပေ။

အီဂျစ်နှင့်အခြား အာရပ်နိုင်ငံများသည် အီရတ်အုပ်ချုပ်ရေးကောင်စီ တရားဝင် ရပ်တည်မှုကို အသိအမှတ်မပြုနိုင်ကြောင်း အာရပ်နိုင်ငံများတွင် နိုင်ငံရေးအရ အင်အားတောင့်တင်းသည့် အီဂျစ်နိုင်ငံက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မီးလောင်ကျွမ်း

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် ဩဂုတ် ၂၃ ရက်က တိုင်းရင်းသားမျိုးနွယ်အုပ်စုများအကြား တိုက်ခိုက်မှုတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် မီးလောင်ကျွမ်းလျက်ရှိသော မော်တော်ယာဉ် တစ်စီးဘေးမှ ဖြတ်လျှောက်သွားသော အမေရိကန်စစ်သည်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



တောင်ကိုရီးယားသို့ သက်ဆင် ရောက်ရှိ ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်

ဆိုးလ် ဩဂုတ် ၂၅

ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်သည် တောင်ကိုရီးယားနိုင်ငံသို့ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိလာပြီး တောင်ကိုရီးယားနိုင်ငံတွင် သုံးရက်ကြာ နေထိုင်မည်ဖြစ်သည်။ ထိုင်းဝန်ကြီးချုပ်သည် တောင်ကိုရီးယားသမ္မတ နိုမူဟွန်းနှင့် တနင်္လာနေ့တွင် တွေ့ဆုံဆွေးနွေးသည့်အခါ ကိုရီးယားကျွန်းဆွယ်၏ လုံခြုံရေးအခြေအနေနှင့် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ရေးကိစ္စတို့ကို ဆွေးနွေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

လက်မှတ်ရေးထိုးမည်

ဝန်ကြီးချုပ်သက်ဆင်သည် မြို့တော်ဆိုးလ်တွင် နေထိုင်စဉ်အတွင်း တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့အကြား တရားစီရင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် သတင်းအချက်အလက်နည်းပညာ ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးမည်ဖြစ်သည်။

ဝန်ကြီးချုပ်သက်ဆင်သည် ပစိဖိတ်ရပ်ဝန်း စီးပွားရေးကောင်စီ အထွေထွေညီလာခံ အထိမ်းအမှတ် ညစာစားပွဲတစ်ရပ်တွင် မိန့်ခွန်းပြောကြားရန် စီစဉ်ထားသည်။ အဆိုပါညီလာခံသို့ အာရှ-ပစိဖိတ်ဒေသမှ စီးပွားရေးလုပ်ငန်းရှင် ၁၁၀၀ ခန့် တက်ရောက်မည်ဖြစ်သည်။

ထိုင်းနိုင်ငံသည် ၁၉၅၈ ခုနှစ် အောက်တိုဘာလတွင် တောင်ကိုရီးယားနိုင်ငံနှင့် သံတမန်ဆက်ဆံမှု ထူထောင်ခဲ့သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမှာ လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလျံခန့်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖိအားကိုခံနိုင်တဲ့ မဏ္ဍိုင်တောင့်အား လေးရပ်

ရတနာစည်ဆရာတော်(လှိုင်လင်)

ယနေ့အချိန်အခါသည် အင်္ဂုတ္တရပါဠိတော် နဝကနိပါတ်၌ မြတ်ဗုဒ္ဓဟောကြားတော်မူသည့် ဗလသုတ္တန်(အားမွေးဒေသနာ)ကို မြိမြိနှလုံးသွင်းကာ များများကြီးအားမွေးနေရမည့် အခါသမယဖြစ်၏။ အကြောင်းမှာ အနောက်နိုင်ငံကြီးက မြန်မာနိုင်ငံကို ဖိနေသောကြောင့်ဖြစ်၏။ ဖိ၍မပြားအောင် အင်အားမွေးနေရမည့် အချိန်ဖြစ်ရာ မြတ်ဗုဒ္ဓက သာဝကတပည့်သားများအတွက် အားလေးရပ်ဖြင့် ဤသို့ အားပေးထားတော်မူခဲ့လေပြီ။ ယင်းသည် ဖိအားကို ခံနိုင်သော မဏ္ဍိုင်တောင့်အား လေးရပ်ပေတည်း။

ပထမမဏ္ဍိုင်တောင့်အား

ပညာဗလ။ ပ၊ ပိုင်းပိုင်းခြားခြား။ ဉာ၊ သိမြင်ခြင်း။ ဗလ၊ အင်အား။ ကုသိုလ်နှင့် အကုသိုလ်ကို ပိုင်းခြားသိမြင်ခြင်း၊ ကောင်းမှုနှင့် မကောင်းမှုကို ပိုင်းခြားသိမြင်ခြင်း၊ အပြုနှင့်အဖျက်၊ အဖြူနှင့် အမည်း ကွဲကွဲပြားပြား ပိုင်းခြားသိမြင်နေခြင်းတို့သည် အင်အားတစ်ရပ်မည်၏။

ဒုတိယမဏ္ဍိုင်တောင့်အား

ဝီရိယဗလ၊ ဖွဲ့ လုံ့လအင်အား။ အပြုနှင့်အဖျက်ကို ပြက်ပြက်ထင်ထင် သိမြင်ပြီးနောက် အပြုအတွက် ဖွဲ့ လုံ့လ ဝီရိယစိုက်နိုင်ခြင်း၊ အဖျက် မဖြစ်ပွားအောင် မြစ်တားအားစိုက်နိုင်ခြင်းတို့သည် အင်အားတစ်ရပ်မည်၏။

တတိယမဏ္ဍိုင်တောင့်အား

အနဝဇ္ဇဗလ၊ ကာယကံ၊ ဝစီကံ၊ မနောကံများ အပြစ်ကင်းစင်ခြင်း၊ အပြစ်မဖြစ်အောင် လိုက်နာသင့်သောစည်းကမ်းကို လိုက်နာခြင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်းဘောင်များကို မကျူးနင်းခြင်းတို့သည် အင်အားတစ်ရပ်မည်၏။

စတုတ္ထမဏ္ဍိုင်တောင့်အား

သင်္ဂဟဗလ၊ ချီးမြှောက်ခြင်းအင်အား။ ယင်းသည် လေးမျိုးရှိ၏။

၁။ ဒါန သင်္ဂဟ၊ လှူဒါန်းပေးကမ်း ဖြည့်ဆည်းခြင်းဖြင့် ချီးမြှောက်ခြင်း။

၂။ ပေယျဝဇ္ဇ သင်္ဂဟ၊ ချိုသာစွာ နားဝင်ချောအောင် ပြောဆိုညွှန်ပြခြင်းဖြင့် ချီးမြှောက်ခြင်း။

၃။ အတ္ထစရိယ သင်္ဂဟ၊ ကောင်းကျိုးတိုးပွားအောင် ရွက်ဆောင်ခြင်းဖြင့် ချီးမြှောက်ခြင်း။

၄။ သမာနတ္တတာ သင်္ဂဟ၊ တန်းတူမြင့်မားလာအောင် မြှင့်တင်ပေးခြင်းဖြင့် ချီးမြှောက်ခြင်း။

ဤဖော်ပြအပ်ပါသော ပညာဗလ၊ ဝီရိယဗလ၊ အနဝဇ္ဇဗလ၊ သင်္ဂဟဗလ အင်အားလေးရပ်တို့သည် မည်သည့်ဖိအားကိုမဆို တောင့်ခံနိုင်သည့် အားများဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံတော်ကြီးအား အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ထွန်းသစ်လင်းလက်လာအောင် ဦးဆောင်ကြိုးပမ်းနေသော ယနေ့ တပ်မတော်အစိုးရကိုလည်းကောင်း၊ ယနေ့ မြန်မာနိုင်ငံသားများကိုလည်းကောင်း ဤမဏ္ဍိုင်တောင့်အား ဗလလေးရပ်ဖြင့် သုံးသပ်ပိုင်းခြား ရှုမြင်ကြည့်အပ်ကြ၏။ ရှုမြင်ကြည့်ကြပါမည်။

၁။ ပညာဗလ ရှိ၊ မရှိ

ယနေ့အချိန်၌ တစ်နိုင်ငံလုံး၏ ကြီးမားနက်ရှိုင်းသော တာဝန်အရပ်ရပ်ကို တာဝန်ယူနေကြရသော တပ်မတော်ခေါင်းဆောင်များ၊ တပ်မတော်အရာရှိကြီးများတို့သည် တကယ်တော့ သည်သို့ဖြစ်မလာမီ အရာရှိငယ်များ ဘဝကတည်းက တတ်သိနားလည်အပ်သော ပညာအရပ်ရပ်၌ နှံ့စပ်ကျွမ်းကျင်ခဲ့ကြသည်ချည်းသာ ဖြစ်ခဲ့ကြ၏။

ဤပုဂ္ဂိုလ်ကြီးများတို့သည် သတိတရားကို အထိပါးမခံသည့် ကာကွယ်ရေးတာဝန်၊ စည်းကမ်းကလနားကို လျော့ပါးမခံသည့် လုံခြုံရေးတာဝန်တို့ကို တပ်မတော်ထဲ ဝင်ကတည်းက လေ့ကျင့်ထမ်းဆောင်ခဲ့ကြရ၏။ အရာရှိငယ်ဘဝကတည်းက အနာဂတ်ခေါင်းဆောင်ကောင်းတွေဖြစ်ဖို့ တပင်တပန်းတာဝန်ထမ်းလာခဲ့ကြရ၏။ ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းနိုင်ဖို့ အပန်းခံလေ့ကျင့်လာခဲ့ကြရ၏။ နိုင်ငံအပေါ်ထားရှိအပ်သောသစ္စာကို ဘယ်အရာနှင့်မျှမလဲနိုင် ကြံ့ကြံ့ခိုင်ရပ်တည်လာခဲ့ကြ၏။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းများစွာ။

သည်ကာလများတစ်လျှောက် တပ်မတော်ကသင်ကြားပေးသည့် အသိပညာ၊ အတတ်ပညာများနှင့်တကွ မြန်မာနိုင်ငံ တစ်နံတစ်လျား နယ်စပ်မျဉ်းများအထိ သွားရောက်လျက် ဒေသအတွေ့အကြုံ၊ ကာလအတွေ့အကြုံ အတွေ့အကြုံပေါင်းစုံ ကိုယ်တွေ့ကြုံရင်း သင်ခန်းစာထုတ်ယူနိုင်စွမ်း ရှိကြသူများဖြစ်၏။ ကျောင်းသင်ပညာနှင့် ကွင်းဆင်းပညာ ပညာနှစ်ရပ်လုံး သိမ်းကျုံးပိုင်ဆိုင်ထားသူများ ဖြစ်ကြ၏။ ထို့ကြောင့် နိုင်ငံတွင်းရှိ မျိုးနွယ်စု အသီးသီး၏ ဘဝအသီးသီး၊ အခြေအနေအသီးသီး၊ အသွင်အပြင်အသီးသီးတို့ကိုပါ ပိုင်းခြားသိမြင်နိုင်စွမ်းရှိကြသူတို့ ဖြစ်ကြ၏။

ရောက်ရာဒေသ ကျရာတာဝန်ထမ်းရင်း အထူးအရေးကြီး အခြေအနေမှလွဲ၍ ဒေသခံများနှင့် သင့်တင့်မျှတစွာ မေတ္တာတရားထားတတ်သူများဖြစ်ကြ၏။ မတိုက်မဖြစ်၍ တိုက်ခိုက်ကြရသော်လည်း **တို့အချင်းချင်းတွေပဲ**ဟု ကောင်းစွာ သိနေကြကာ **သူတို့ကို ဒီအမှောင်ထဲက ဘယ်တော့များ ဆွဲထုတ်နိုင်ပါ့မလဲ** ဟူ၍သာ အမြဲကြံဆ စူးစမ်းနေသူများ ဖြစ်ခဲ့ကြ၏။

နှစ် ၄၀ ကာလရှည်ကြီး တစ်လျှောက်ဝယ် နိုင်ငံအကျိုး၊ လူမျိုးအကျိုး၊ အမျိုး၊ ဘာသာ၊ သာသနာ အကျိုးအတွက် အသက်ပေးလှူခဲ့ရသူများအကြားကံကောင်းထောက်မစွာ ဘဝဆက်ရှင်သန် ဆန်ခါတင် ကျန်ရစ်ကြပြီးသော် ၈၈ အရေးအခင်းအတွင်း အကြမ်းဖက်ဝါဒနှင့် မင်းမဲ့စရိုက်တို့ကို လက်ပိုက်ကြည့်နေရန် မသင့်လျော်တော့သည့်အဆုံးတွင်မှ နိုင်ငံ့တာဝန်ကိုပါ ရယူခဲ့ကြသူများဖြစ်၏။ အာဏာမက်၍ တက်လာခြင်းမဟုတ်။ တိုင်းပြည်မပျက်ဖို့ တက်လာခြင်း ဖြစ်၏။ တိုင်းပြည်ကောင်းကျိုးအတွက် တက်လာခြင်းဖြစ်၏။

ထို့ကြောင့်ပင် တိုင်းပြည်ကောင်းစားအောင် အမြော်အမြင်ရှိရှိ၊ သတိသမ္ပဇဉ်ရှိရှိ၊ ပညာဗလရှိရှိ ဦးဆောင်ကြိုးပမ်းနေနိုင်ခြင်း ဖြစ်၏။ ပညာဗလမဏ္ဍိုင်ကြံ့ခိုင်စွာ ဦးဆောင်မှုအောက်ဝယ် နိုင်ငံသားအားလုံးတို့သည်လည်း ပညာဗလမဏ္ဍိုင် မြဲခိုင်လျက်ရှိနေကြပါသည်။

၂။ ဝီရိယဗလ ရှိ၊ မရှိ

ယနေ့မြန်မာနိုင်ငံ၏ နေ့စဉ်ပုံရိပ်များ၌ နိုင်ငံတော်အကြီးအကဲနှင့်တကွ သက်ဆိုင်ရာ အကြီးအကဲများ လှုပ်ရှားထင်ဟပ်နေခြင်းက အဖြေကို ထုတ်ပေးနေပြီးဖြစ်၏။ လွတ်လပ်ရေးသက်တမ်း နှစ် ၅၀ ခန့် မဖြစ်ထွန်းခဲ့ဖူးပဲ ယနေ့ကာလ၌သာ တည်ထွန်းလာနေသော ငြိမ်းချမ်းရေးခေတ်သစ်၊ အေးချမ်းသာယာခြင်း အလင်းသစ်၊ ဖွံ့ဖြိုးတိုးတက်ခြင်း ဒြပ်ပုံသစ်တွေက ဝီရိယဗလ ရှိ၊မရှိ ဆုံးဖြတ်ပေးနေလေပြီ။

၃။ အနဝဇ္ဇဗလ ရှိ၊ မရှိ

အပြစ်ကင်းစင်ခြင်းဟူရာ၌ အပြစ်ဟူသည် နှစ်မျိုးရှိ၏။ လောကအပြစ်နှင့် ဓမ္မအပြစ်ဖြစ်၏။ ဓမ္မအပြစ်ကင်းစင်လျှင်လောကအပြစ်ကင်းစင်၏။ လောကအပြစ်ကင်းစင်ပေမယ့် ဓမ္မအပြစ်မကင်းသောအရာများကား ရှိတတ်၏။ လောက၏ချမ်းသာခြင်းအစီးအပွားအတွက် ဉာတတ္ထစရိယမြောက်၊ လောကတ္ထစရိယမြောက် ကျင့်ဆောင်နေရသောအပိုင်း၌ လောကအပြစ်ကင်းစင်ရေးကို ဦးစားပေးကြည့်ရှုကြရပါသည်။

လောကအပြစ်ဟူသည် မနုဿလောက၌ ဆိုးကျိုးများဖြစ်ပွားအောင် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အဖျက်အမှောင့်လုပ်ဆောင်နေခြင်းကိုဆို၏။ မနုဿလောက၌ ဆိုးကျိုးများမဖြစ်ပွားအောင် တားမြစ်ပြဋ္ဌာန်းထားသော ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းများ၊ ဘောင်များကို ချိုးဖောက်ခြင်းသည် လောကအပြစ် စစ်စစ်ဖြစ်၏။

ထို့ကြောင့် လောက၌ တည်နေသူလူသားသည် လောကက သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေများ၊ စည်းကမ်းများ၊ ကျင့်ဝတ်များကို လိုက်နာရမည်။ မချိုးဖောက်ရ။ မကျူးနင်းရ။ ကောင်းစွာလိုက်နာခြင်းဖြင့်အပြစ်ကင်းစင်ခြင်းကို ရယူနေရမည်။

မနုဿလောက၌ အကန့်အကန့်၊ အပိုင်းအပိုင်းရှိနေရာ အနောက်အကန့်က ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေကို ထိုအနောက်အကန့်အတွင်းရှိ မနုဿတို့သည် မလွဲမသွေလိုက်နာကြရမည်။ ထို့အတူ အရှေ့အကန့်၌ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေကို အရှေ့အကန့်နေသူတို့ ဧကန်မုချလိုက်နာကြရမည်။ တစ်ဖန် အနောက်ခြမ်းနှင့် အရှေ့ခြမ်းတို့တွင်လည်း တစ်ခြမ်းတစ်ခြမ်းထဲ၌ အစိတ်အစိတ်ဖြစ်သော နိုင်ငံအများအပြားတည်ရှိနေရာ ထိုနိုင်ငံ၌နေထိုင်သူသည် ထိုနိုင်ငံဥပဒေကိုလိုက်နာရမည်။ ဤနိုင်ငံ၌နေထိုင်သူသည် ဤနိုင်ငံဥပဒေကိုလိုက်နာရမည်။ ဤနိုင်ငံ၌နေထိုင်ပါလျက် ထိုနိုင်ငံမှာ ဤဥပဒေမျိုးမရှိဟု ဤဥပဒေကို မလိုက်နာ၍မရ။ မလိုက်နာလျှင် အပြစ်စစ်စစ်ဖြစ်၏။

ဗုဒ္ဓသာသနာတွင်းတည်ရှိနေသော ရဟန်းသည် ဗုဒ္ဓသာသနာ၌တည်ရှိသော ဝိနယဥပဒေကို လိုက်နာရမည်။ ဤဝိနယဥပဒေသည် ထိုသာသနာတစ်ခုခု (ဘာသာတရားတစ်ခုခု၏ ဥပဒေတစ်ခုခု)၌ မရှိသဖြင့် ဤဗုဒ္ဓသာသနာ၌ လိုက်နာဖွယ်မလိုဟု မိမိသဘောအရထင်မြင်ယူဆလျှင် မိမိကိုယ်တိုင် ထိုဘာသာ၊ သာသနာတွင်းသို့ ဝင်သွားရုံမှတစ်ပါး အခြားမရှိ။ ဤမြတ်ဗုဒ္ဓသာသနာတွင်း၌ တည်ရှိနေပါလျက် ဤဝိနယဥပဒေကို မလိုက်နာပါမူ အပြစ်စစ်စစ် ဖြစ်လေတော့၏။

ဤမြန်မာနိုင်ငံဟူသော အရှေ့ခြမ်းအကန့်တစ်ကန့်အတွင်း တည်ရှိနေပါလျက် ဤမြန်မာနိုင်ငံဥပဒေကို မလိုက်နာလျှင် အပြစ်စစ်စစ်ဖြစ်၏။ ဤဥပဒေမျိုး ထိုနိုင်ငံမှာမရှိဟု အကြောင်းပြငြင်းဆန်၍မရ။ ဥပဒေသည် ပုဂ္ဂလဆန္ဒသို့မလိုက်၊ ပုဂ္ဂလဆန္ဒကသာ ဥပဒေသို့လိုက်ရ၏။ သို့ဖြင့် အပြစ်ကင်းစင်သော အနဝဇ္ဇဗလ အားပြည့်လေ၏။

ယနေ့တပ်မတော်အစိုးရသည် ကိုယ်တိုင်ကလည်း စံပြလိုက်နာပြနေသည့်ပြင် ပြည်သူတို့အားလည်း ဥပဒေကို မထိမဲ့မြင်မပြုအောင် ကြိုးပမ်းနေရပါသည်။ ထို့ကြောင့် တပ်မတော်အစိုးရ၌ အနဝဇ္ဇဗလမဏ္ဍိုင် ကြံ့ခိုင်နေလေ၏။

၄။ သင်္ဂဟဗလ ရှိ၊ မရှိ

သင်္ဂဟဗလဟူသော ချီးမြှောက်မှုလေးရပ် တဖျပ်ဖျပ်တောက်ပနေအောင် ယနေ့ တပ်မတော်အစိုးရသာ စွမ်းစွမ်းတမံ အားသန်မာန်ထားကြိုးစားအားထုတ်နေကြောင်း အဇ္ဈောပြင် ကောင်းကင်အလယ် နေသဖွယ် လအလား ထင်ရှားထိန်လင်းလျက် ရှိနေ၏။

ဒါနသင်္ဂဟနှင့် စပ်လျဉ်း၍ အကျဉ်းချုံးပြောရလျှင် ယနေ့ ဘယ်မြို့ ဘယ်ဒေသ ဘယ်နေရာဌာနမဆို ရွှေရောင်တဝင်းဝင်းဖြင့် လင်းလင်းလက်လက် သပ္ပာယ်နေသော စေတီပုထိုးများ၊ ဘုရားတန်ဆောင်း၊ ကျောင်း၊ ပြာသာဒ်များတို့သည် တပ်မတော်အစိုးရ၏ ဒါနသင်္ဂဟပြယုဂ်များ ချည်းချည်းဖြစ်၏။

ပေယျဝဇ္ဇသင်္ဂဟ (နားဝင်အောင် ချိုသာစွာပြောဆိုခြင်းဖြင့် ချီးမြှောက်ခြင်း) နှင့် စပ်လျဉ်း၍ ယနေ့ တပ်မတော်သားတို့သည် ပြေပြစ်စွာဆက်ဆံတတ်ကြသည့်ပြင် အကူအညီအမျိုးမျိုးကို ပေးတတ်ကြကြောင်း အတွင်းကျကျ လေ့လာသိရှိနိုင်၏။ ဘုရားကို ဘုရားမှန်းသိသလို တရားကို တရားမှန်း၊ သံဃာကို သံဃာမှန်း၊ မိဘကို မိဘမှန်း၊ ဆရာကို ဆရာမှန်း သိတတ်ကြ၏။

ဘယ်ရွာရောက်ရောက် ရောက်သောရွာအကြီးအကဲ(ရွာသူကြီး)ထံအကြောင်းကြားပြီးမှသာ ဆောင်ရွက်ဖွယ်တို့ကို ဆောင်ရွက်ကြ၏။ ရွာဦးဆရာတော်ထံ ခွင့်ပန်ပြီးမှသာ ယာယီတည်းခိုစခန်းချကြ၏။ ဘယ်စစ်အာဏာကိုမှမသုံး။ ဒေသရပ်ရွာနာမည့် ကိစ္စများ၊ တိုင်းပြည်နာမည့် အရေးများကိုမူ ကိစ္စ၏အလေးအပေါ့အလျောက် ကိုင်တွယ်ဖြေရှင်းခြင်းမှတစ်ပါး အာဏာကို နေရာတကာလုံးဝမသုံး။ ဆိုင်ရာဥပဒေအရသာလျှင် ကိုင်တွယ်ဖြေရှင်းကြ၏။

ယနေ့ နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံခေါင်းဆောင်တို့သည် ကံသုံးပါးလုံးချုပ်တည်း သိမ်းဆည်းကြကာ ဩဝါဒများ၊ လမ်းညွှန်မှုများပေးရာ၌ သဘောပေါက်အောင်၊ နားဝင်အောင် ညွှန်ကြားပြောဆိုနေခြင်းကြောင့် ပေယျဝဇ္ဇသင်္ဂဟ ပြီးမြောက်နေလေ၏။

အတ္ထစရိယသင်္ဂဟ (ကောင်းကျိုးတိုးပွားအောင်ရွက်ဆောင်ခြင်းဖြင့်ချီးမြှောက်ခြင်း)နှင့် စပ်လျဉ်း၍ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ လိုအပ်သည့်နေရာ လိုအပ်သလို၊ ဖြစ်နိုင်သည့်နေရာ ဖြစ်နိုင်သလို ဒေသခံတို့၏ ကောင်းကျိုးနှင့် တိုင်းပြည်ကောင်းကျိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းက သက်သေသိန်းကုဋေ ဖြစ်နေပေပြီ။ ဘာများထပ်ပြောဖို့ လိုပါဦးမည်နည်း။

သမာနတ္တတာသင်္ဂဟ (တန်းတူမြင့်မားလာအောင် မြှင့်တင်ပေးခြင်းဖြင့် ချီးမြှောက်ခြင်း)နှင့် စပ်လျဉ်း၍ သာဓကများစွာဖြစ်တည်လာနေရာဝယ် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု သတ်မှတ်လျက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပြောဆိုဆက်သွယ်ရေးများ ထူထောင်ပေးနေခြင်း၊ တစ်ချိန်က နွားခြေရာခွက်ထဲမှ ရေကို သမုဒ္ဒရာရေဟု တကယ်ပင် ထင်နေခဲ့ကြရသည့် နယ်စပ်ဒေသသားတို့အား တကယ့်သမုဒ္ဒရာအစစ်ကို မျက်ဝါးထင်ထင်မြင်ရအောင် စွမ်းဆောင်ဖြည့်ဆည်းပေးနေခြင်း၊ ဘယ်တုန်းကမှ တန်းတူရည်တူ မရှိခဲ့ဘဲ အလွန်နိမ့်ကျခဲ့ကြရသည့် ကျေးလက်နေ ပြည်သူများအားလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် ငါးရပ်ဖြင့် မြှင့်တင်ပေးနေခြင်းတို့သည် သမာနတ္တတာ စစ်စစ်ဖြစ်ပါကုန်၏။ ဗုဒ္ဓလောင်းလျာ သူတော်စွာတို့ဝမ်းသာအားရ အားပေးကြသော တကယ့်လုပ်ငန်းမြတ်များ ဖြစ်ပါကုန်ဘိ၏။ ထို့ကြောင့် သင်္ဂဟဗလပြည့်ဝနေလေ၏။

ဖော်ပြအပ်ပါသော ပညာဗလ၊ ဝီရိယဗလ၊ ပေယျဝဇ္ဇဗလ၊ သင်္ဂဟဗလ ဟူသည့် မဏ္ဍိုင်လေးခုတို့သည် မည်သည့်ဖိအားကိုမဆို ခံနိုင်ရည်ရှိသော တောင့်အားများဖြစ်ပါသည်။

ဤတောင့်အားများ ပြည့်ဝနေသမျှ ကာလပတ်လုံး ဘယ်က ဘယ်လို ပိတ်ပိတ်၊ ထိုက ပိတ်လျှင် ဟိုက ပွင့်လာမည်သာ ဖြစ်မည့်ပြင် ပြည်သူတို့ကိုယ်တိုင်က မိတ်ဆိုးနှင့်မိတ်ကောင်းကို ကောင်းကောင်းကြီး ပိုင်းခြားသိမြင်လာကြကာ တောင့်အားရှိရှိ၊ ခံနိုင်ရည်ရှိရှိဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့အစိုးရ၊ မိမိတို့အမျိုး၊ မိမိတို့ဘာသာ သာသနာကို မိမိတို့ ဘာသာဘာဝ တောက်ပမြဲတောက်ပနေအောင် ရှိသမျှအင်အားတို့ဖြင့် လှုပ်ရှားမြဲ လှုပ်ရှားနေကြမည်သာ ဖြစ်တော့၏။

ထို့ကြောင့် တောင့်အားလေးဆိုင် မဏ္ဍိုင်လေးရပ် မပြတ်မြဲမြဲ အားမာန်တိုးပွား မြိုးကြား ကြိုးစားမြဲကြိုးစားနေကြမည်သာ ဖြစ်ပါသတည်း။ ။

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၆

ဆရာတိုနီဦးစီးသော OBF Language Centre တွင် အင်္ဂလိပ်စာကို စနစ်တကျတတ်ကျွမ်းလိုသူများအတွက် နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် Exam များဖြစ်သော IELTS, TOEFL (Twe)နှင့်အင်္ဂလိပ်စကားပြောသင်တန်းများ၊ Grammar, Interactive General English Courses, All Round Development Course (Speaking-Writing-Listening-Reading), Foreign Going English သင်တန်းများကို ဆရာတိုနီ ကိုယ်တိုင် သင်ကြားပေးမည်ဖြစ်သည်။

လစဉ်တန်းခွဲများ ဖွင့်လှစ်လျက်ရှိရာ OBF Language Centre အမှတ် ၂၃၃၊ ၃၅လမ်း (အထက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၆၀၁၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်

၇:၀၅ ၂။ အဖွင့်သီချင်း

၇:၁၀ ၃။ မျိုးချစ်တပ်မတော်

၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း

၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်

၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်

၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား

၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်

၄:၀၅ ၂။ အဖွင့်သီချင်း

၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

၄:၁၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း

၄:၂၅ ၅။ မျိုးချစ်တပ်မတော်

၄:၃၅ ၆။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား

၄:၅၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း

၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်

(က) ဒုတိယနှစ်(ဒဿနိကဗေဒ)

(ခ) ဒုတိယနှစ် (ဝါဏိဇ္ဇဗေဒ)

၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ

၅:၄၅ ၁၀။သာယာသီကြွေးခေတ်ဆန်းတေး

၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း

၆:၁၀ ၁၂။ နိုင်ငံတကာသတင်း

၆:၂၀ ၁၃။ မိုးလေဝသသတင်း

၆:၂၅ ၁၄။ မြန်မာ့ရှုခင်း

၆:၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်

၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင်(အပိုင်း-၈)**

၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း

၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

၁၉။ လျှပ်တစ်ပြက်ရိုက်ချက်

၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၂၀)**

၂၁။သင့်အတွက်မနက်ဖြန်

၂၃။ အပိတ်နှုတ်ဆက်စကား

၂၄။ ပြီးပါပြီ။

ချင်းတွင်းအရှင်ကလျာဏ မော်လမြိုင်ပျော်ဘွယ်ကျောင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၂၆

မော်လမြိုင်မြို့ သာယာအေးရပ် ပျော်ဘွယ်ကျောင်းစာသင်တိုက်၌ ၁၃၆၅ခု တော်သလင်းလဆန်း ၈ရက် (စက်တင်ဘာ ၃ရက်) မွန်းလွဲ ၁နာရီတွင် နယ်လှည့်သာသနာပြု ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယ မော်လမြိုင်ဓမ္မရိက္ခတ ဆရာတော် ချင်းတွင်း အရှင်ကလျာဏက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားတော်များ ဟောကြားမည်ဖြစ်၍ အထက်ပါကျောင်းတိုက်သို့ ကြွရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကမ္ဘာ့အမျိုးသမီးများအလယ်က မြန်မာအမျိုးသမီးများ

မမနိုင်(မန္တလေးရုပ်သေး)

ကျွန်မတို့ မြန်မာအမျိုးသမီးများဟာ ကမ္ဘာမှာသာမက အာရှနိုင်ငံများက အမျိုးသမီးများနဲ့ယှဉ်လျှင်ပဲ ဣန္ဒြေ အရှိဆုံး၊ အရက်အကြောက်အကြီးဆုံးဖြစ်ပါတယ်။ လိမ္မာယဉ်ကျေးသိမ်မွေ့မှု၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ် အလာများ မြတ်နိုးထိန်းသိမ်းမှု၊ စိတ်သဘောထား တည်ကြည်မြင့်မြတ်မှု စတဲ့ ဂုဏ်ရည်များနဲ့ ပြည့်စုံကြပါတယ်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ရိုးရာယဉ်ကျေးမှုဝတ်စုံကို မြတ်မြတ်နိုးနိုး ဝတ်ဆင်ဆဲကတော့ ကျွန်မတို့ မြန်မာအမျိုးသမီးများပဲဖြစ်ကြပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့၊ မြန်မာ့အငွေ့အသက်တွေကို တွေ့မြင်နေရဆဲပါ။ ဒီအချက်ကို နိုင်ငံခြားသားတွေကိုယ်တိုင်ကလည်း ပြောပါတယ်။ ခေတ်အလိုက်ငယ်ရွယ်သူ အမျိုးသမီးလေးများ အချို့အနောက်တိုင်း ယဉ်ကျေးမှုကို နှစ်သက်အထင်ကြီးပြီး အတုခိုး ဝတ်ဆင်ပြုမူနေထိုင်သူများရှိလာနေပေမယ့် နိုင်ငံတော်က အစဉ်သတိရှိစွာနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကဲ့သို့သော ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး အစီအမံများ စီမံဆောင်ရွက်နေသလို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကလည်း မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှုကအစ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ ထိန်းသိမ်းမြှင့်တင်ရေး အတွက် ဦးဆောင်စည်းရုံးဆောင်ရွက်နေတာမို့ အနောက်တိုင်း ယဉ်ကျေးမှု၊ အနောက်တိုင်း ဝတ်စားဆင်ယင်မှု၊ အနောက်တိုင်း ဓလေ့တွေဟာ တင်းပြည့်ကျပ်ပြည့် မထိုးဖောက်နိုင်ပါဘူး။

ယဉ်ကျေးမှုပျောက်ရင် လူမျိုးပါပျောက်တတ်တာမို့ မြန်မာ့ယဉ်ကျေးမှုတွေ မပျောက်ပျက်ရအောင် အမြော်အမြင်ကြီးမားတဲ့ ရည်ရွယ်ချက်ကြီးများနဲ့ နှစ်စဉ် ကျင်းပတဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများရဲ့ အကျိုးကျေးဇူး အသီးအပွင့်တွေဖြစ်တဲ့ လက်ရည်၊ အနုပညာ အရည်အချင်းတွေတက်၊ ထက်မြက်နေတဲ့ မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး အနုပညာရှင်များဟာ ခေတ်ရေစီးကြောင်းဖြစ်တဲ့ အနောက်တိုင်းယဉ်ကျေးမှု တေးဂီတများကို ထိုးဖောက်ဖြတ်ကျော်နိုင်ပြီး ကမ္ဘာမှာ အမိမြန်မာနိုင်ငံတော်ကို ကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင်နိုင်၊ မြန်မာ့အလှ ပြသနိုင်ကြပါပြီ။

၂၀၀၃ ခုနှစ် မတ်လ ၄ ရက်နေ့မှ ၉ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာကျင်းပခဲ့တဲ့ အာရှ–ပစိဖိတ် အမျိုးသမီးအနုပညာရှင် ကွန်ဖရင့်ပွဲတော်ကြီးမှာ မြန်မာအမျိုးသမီး အနုပညာရှင်များဟာ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဂျာဗား၊ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ တူရကီ၊ ချက်ကိုစလိုဗေးကီးယား၊ ဆွီဒင် စတဲ့ နိုင်ငံများက ကမ္ဘာ့အမျိုးသမီး အနုပညာရှင်ပေါင်း ၂၀၀၀ ကျော်အလယ်မှာ မြန်မာအမျိုးသမီးများရဲ့ ကောင်းမြတ်ခြင်း ကျက်သရေနဲ့ ထူးခြားတဲ့ မြန်မာ့အနုပညာ အလှကို ဖော်ဆောင်ပြသနိုင်ခဲ့ကြပါတယ်။

ဒီကွန်ဖရင့်ပွဲတော်ကြီးကို ဖိလစ်ပိုင်နိုင်ငံ ပညာရေးပြဇာတ် အနုပညာအသင်းကြီး (Philippine Education Theater Association) PETA က ကြီးမှူးကမကထပြုပြီး ကျင်းပခဲ့ပါတယ်။ အမျိုးသမီးများဟာ ရှင်သန်မှုဘဝရဲ့ အခြေခံအင်အားစုကြီး ဖြစ်ပါတယ်။ ရှင်သန်မှုဘဝကို ဖန်တီးရုံသက်သက်မဟုတ်ဘဲ ပုံဖော်ဖန်တီးတဲ့နေရာမှာ အဓိကကျတဲ့သူများ ဖြစ်ကြပါတယ်။ အနုပညာရှင်သန်မှုဘဝကို ပုံတူပြုပါတယ်။ အမျိုးသမီးများဟာ အနုပညာကမ္ဘာကြီးရဲ့ ပုံရိပ်တစ်ခုမျှသာမကဘဲ အနုပညာ ဖန်တီးရှင်များလည်း ဖြစ်လာကြပါတယ်။ ဒီကွန်ဖရင့်ကြီးမှာ ကမ္ဘာ့အမျိုးသမီး အနုပညာရှင်များရဲ့ ရိုးရာပုံစံတွေကိုသာမက အမြဲတမ်းပြောင်းလဲနေတဲ့ ကမ္ဘာကြီးထဲက ပုံသဏ္ဌာန်အသစ်တွေကိုပါ လေ့လာသိရှိတွေ့မြင် ဖလှယ်နိုင်ကြပါတယ်။

ကမ္ဘာ့သစ်တစ်ခုကို ပုံဖော်ရာမှာ ၎င်းတို့ရဲ့ ဘဝအမြင်နဲ့ ကျွမ်းကျင်မှုတို့ကို အစဉ် မျှဝေခံစားခဲ့ကြတဲ့ အမျိုးသမီးများနဲ့ အမျိုးသမီးအနုပညာရှင်များကို ဂုဏ်ပြုတဲ့အနေနဲ့ ဖိလစ်ပိုင်နိုင်ငံ ပညာရေးပြဇာတ် အနုပညာရှင်အသင်းကြီးက ကမကထပြုပြီး အာရှ–ပစိဖိတ် အမျိုးသမီး အနုပညာရှင်များပွဲတော် ကွန်ဖရင့်ကြီးကို ပထမဆုံးအကြိမ် ကျင်းပခဲ့ကြခြင်းဖြစ်ပါတယ်။ PETA အသင်းကြီးဟာ ဒီပွဲတော်ကြီးကို–

(၁) အမျိုးသမီး အနုပညာရှင်များရဲ့ အနုပညာနဲ့ လူမှုအဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့မှုများကို ဂုဏ်တင်အသိအမှတ်ပြုရန်

(၂) အမျိုးသမီး အနုပညာရှင်များရဲ့ အနုပညာ ဖန်တီးမှုများကို မျှဝေခံစားနိုင်ရန်အတွက် နေရာတစ်နေရာပေးရန်

(၃) အမျိုးသမီး အနုပညာရှင်များကို ၎င်းတို့ရဲ့ လတ်တလောဝန်းကျင်မှာ လုပ်ငန်းနဲ့ ပါဝင်မှုအတွက် အဆင့်အတန်း သတ်မှတ်ပေးရန်

(၄) အမျိုးသမီးများရဲ့ ကိစ္စအဝဝ နဲ့ စိတ်ဝင်စားမှုများကို လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သတိထားမိလာစေရန်နဲ့ ထောက်ခံမှုရလာစေရန်

(၅) အာရှ–ပစိဖိတ်ဒေသအတွင်းအမျိုးသမီးပြဇာတ် အနုပညာရှင်များအတွက် အပြန်အလှန် ဆက်သွယ်ရေးကွန်ရက်များနဲ့ အချိတ်အဆက်ပြုလုပ်ပေးရန်နှင့် နေရာတစ်ခုပေးရန်အတွက် ရည်ရွယ်ချက်များနဲ့ ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။

ဒီပွဲတော်ကြီးကို တက်ရောက်ဖို့ ဖိတ်ကြားခြင်းခံခဲ့ရတဲ့ ကမ္ဘာ့အရပ် ရပ်က အမျိုးသမီး အနုပညာရှင်များအားလုံးကို ပွဲတော် တာဝန်ခံများက နိုင်ငံကိုယ်စီရဲ့ ပုံရိပ်ကိုယ်စားလှယ်များအဖြစ် တလေးတစား တခမ်းတနား ကြိုဆိုကြပါတယ်။ ပွဲတော်ကြီးမှာ နိုင်ငံကိုယ်စီရဲ့ ရိုးရာယဉ်ကျေးမှုအနုပညာ၊ ခေတ်စနစ်တစ်ခုကို ပုံဖော်တဲ့ အနုပညာ၊ ဖန်တီးမှုအနုပညာများ၊ အကပြဇာတ်များ၊ Lecture များ၊ Work shop များ၊ မျှဝေမှုများ၊ အချင်းချင်းမိတ်ဆက်မှုများ ပါဝင်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ မိမိနိုင်ငံကို ကိုယ်စားပြု ပုံဖော်မှုနဲ့ အနုပညာပုံရိပ်တွေထဲမှာ ကျွန်မတို့မြန်မာ အမျိုးသမီးအနုပညာရှင်များရဲ့ ကိုယ်စားပြု ပုံဖော်မှု အနုပညာပုံရိပ်ဟာ ထူးခြားပေါ်လွင် ထင်ရှားနေခဲ့ပါတယ်။ ပွဲတော်မှာ လာရောက်ကြည့်ရှုအားပေးတဲ့ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးရဲ့ ကမ္ဘာ့အမျိုးသမီးများ အလယ်က မြန်မာ့အမျိုးသမီး အနုပညာရှင်များအတွက် ဝမ်းသာဂုဏ်ယူနေတဲ့ အပြုံးကတော့ ကမ္ဘာ့ပရိသတ်ကြီးရဲ့ ရှေ့ဆုံးမှာ အလှဆုံးပါပဲ။ ကျွန်မတို့ မြန်မာ့အမျိုးသမီးများ ကောင်းမြတ်တဲ့ အစဉ်အလာရှိတဲ့ မြန်မာအမျိုးကောင်းသမီးများ ပီသကြပါစေ။ မြန်မာအမျိုးသမီးအနုပညာရှင်များ ကမ္ဘာမှာ မိမိနိုင်ငံကို ကိုယ်စားပြုနိုင်ကြပါစေ။ ကမ္ဘာမှာ မြန်မာဟော့လို့ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ဖော်ဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

ဩဂုတ် ၂၅ ရက်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်မြတ်ငွေ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး တတိယအကြိမ် အဆို၊အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကကပြည်)

ပြန်/ဆက် ညွှန်ကြားရေးမှူးချုပ် ခရိုင်နှင့် မြို့နယ်ရုံးများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဩဂုတ် ၁၆ ရက်မှ ၂၀ ရက်အတွင်း မန္တလေးတိုင်းအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး မန္တလေးခရိုင်ရုံး၊ ချမ်းမြသာစည်မြို့နယ်ရုံး၊ အောင်မြေသာစံမြို့နယ်ရုံး၊ မတ္တရာမြို့နယ်ရုံး၊ စဉ့်ကူးမြို့နယ်ရုံးနှင့် သပိတ်ကျင်းမြို့နယ် တကောင်းရုံးခွဲများသို့လည်းကောင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်ရုံးသို့လည်းကောင်း သွားရောက်ပြီး ရုံးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာ ခရိုင်/မြို့နယ်များမှ ဦးစီးအရာရှိများ၊ ဦးစီးမှူးများနှင့် ဝန်ထမ်းများအား စာဖတ်ပရိသတ်ဦးရေ တိုးပွားရေး၊ စာကြည့်တိုက်အသင်းဝင်ပိုမိုများပြားလာရေး၊ နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်နိုင်မှု အကြိမ်တိုးမြှင့်ရေးကိစ္စများ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် ကောဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အင်းစိန်မြို့နယ် ရွာမရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ယန္တရား ပင်မအလုပ်ရုံ (တောင်)ခန်းမ၌ ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီခွဲတွင် ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံမတူနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် အနုပညာရှင်များ တက်ရောက်ကြသည်။

ညှော့်ခံဖျော်ဖြေ

ဆုချီးမြှင့်ပွဲ အခမ်းအနားမစတင်မီ အနုပညာရှင်များက မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးများဖြင့် ညှော့်ခံဖျော်ဖြေကြသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစံမတူက ပညာရှင်အဆင့် (အမျိုးသား) အကပြိုင်ပွဲ၊ ဝါသနာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(အမျိုးသမီး) အကပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား လည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်ဆွေမြင့်က ပညာရှင်အဆင့်(အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့်(အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအားလည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမောင်ငွေက ဝါသနာရှင်အဆင့်(အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲ၊ ပညာရှင်အဆင့် (အမျိုးသား) ဓမ္မတေး အဆိုပြိုင်ပွဲနှင့် ပညာရှင်အဆင့် (အမျိုးသမီး) ဓမ္မတေး အဆိုပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား လည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က ဝါသနာရှင်အဆင့် (အမျိုးသား) ဓမ္မတေး အဆိုပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ဓမ္မတေးအဆိုပြိုင်ပွဲနှင့် ပညာရှင်အဆင့် (အမျိုးသမီး) ဓမ္မတေးအဆိုပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအားလည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်လွင်က ပညာရှင်အဆင့်(အမျိုးသား) ကာလပေါ်တေး အဆိုပြိုင်ပွဲ၊ ဝါသနာရှင်အဆင့်(အမျိုးသား) ကာလပေါ်တေး အဆိုပြိုင်ပွဲနှင့် ဝါသနာရှင်အဆင့် (အမျိုးသမီး) ကာလပေါ်တေး အဆိုပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဝါသနာရှင်အဆင့်နှင့် ပညာရှင်အဆင့် ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။ (သတင်းစဉ်)

ကျန်းမာရေး ပညာပေး ဟောပြောပွဲ ကျောက်တန်း၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် EAC ကုမ္ပဏီတို့ပူးပေါင်းကျင်းပသည့် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၂၂ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်က အမှာစကားပြောကြားပြီး EAC ကုမ္ပဏီ အာဟာရမန်နေဂျာ ဒေါက်တာဖြူတီကြည်က သန္ဓေသားအဆင့်ဆင့် ကြီးထွားဖွံ့ဖြိုးလာပုံအကြောင်းကို ပြောကြားသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များအား Dumex Ma Ma Plus အာဟာရနို့များ တိုက်ကျွေးရာ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မူမူဆွေက ကျေးဇူးတင်စကား ပြောကြားသည်။ **(၇၄)**

❀ ကာကွယ်တောမှ

ကျားမှာ ပဲခူးရိုးမမှ မျက်စိလည်၍ မြို့ထဲသို့ဝင်ရောက်လာခြင်း ဖြစ်နိုင်ဖွယ် ရှိသည်ဟု အင်္ဂလိပ်မုဆိုးများက ထင်မြင်ယူဆကြကြောင်း စသည် နောက်ဆက်တွဲ သတင်းများမှာလည်း ပြည်သူလူထုက အထူးတလည် စိတ်ဝင်စားကြသော သတင်းများ ဖြစ်ပြီး ပြဇာတ်စာအုပ်များ၊ သီချင်းများ၊ လူရွှင်တော်ပြက်လုံးများထုတ်ကြသည်အထိ စိတ်ဝင်စားခဲ့ကြသည်။

နှစ် ၁၀၀အတွင်းပြောင်းလဲမှု

ထိုခေတ်ကာလက မြန်မာနိုင်ငံ၏ လူဦးရေ၊ မြို့ရွာ လူနေအိမ်ခြေ၊ သစ်တောဖုံးလွှမ်းမှုနှင့် ကျားသတ္တဝါ ကောင်ရေများပြားမှုတို့ကို ထိုဖြစ်ရပ်က ညွှန်ပြနေသည်ဟု ဆိုနိုင်သည်။ ထိုအချိန်မှစ၍ နှစ်ပေါင်း၁၀၀တင်းတင်း ပြည့်ခဲ့ပြီဖြစ်သော ယနေ့အချိန်တွင်မူ အရာရာမှာ ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။ မြို့တော်ရန်ကုန်မှာ မဟာမြို့ကြီး တစ်မြို့ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံ၏ လူဦးရေမှာလည်း ၅၂သန်းကျော် ခဲ့ပြီဖြစ်သည်။ မြို့ရွာ အိမ်ခြေများ ကြီးမားကျယ်ပြန့်လာကြပြီး သဘာဝ ဝန်းကျင်အနေအထားမှာလည်း များစွာ ပြောင်းလဲသွားခဲ့ပြီဖြစ်ရာ သစ်တောကြီးများအတွင်း မှီတင်းနေထိုင်ကြသည့် ဇီဝမျိုးစုံ မျိုးကွဲများ၏ ရှင်သန်နေထိုင်ကျက်စားမှုများကို ထိခိုက်သည်များလည်း ရှိလာခဲ့သည်။

ဟူးကောင်းချိုင့်ဝှမ်း

"လူတွေ့မေးမြန်းမှု (Interview Survey) အထောက်အထားများအရ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်က လီဒိုလမ်းဘေးရှိကျေးရွာများတွင် ညဘက်၌ ကျွဲ၊ နွားများအား ကျားရန်မှ လုံလောက်သည့် အကာအကွယ်များ မဖြစ်မနေ လုပ်ပေးခဲ့ရသည်အထိ ကျားပေါခဲ့သည်ဟု ဆိုပါသည်။ နောက်ထပ် ၁၀နှစ်ကြာလာသည့်အခါ ရွာမှ ငါးမိုင်ခန့်သွားမှသာ ကျား၏ အထောက်အထားများ တွေ့နိုင်တော့သည်ဟု သိရပါသည်။ ယနေ့အချိန်တွင်မူ တစ်ရက်ခရီး၁၅မိုင်ခန့် သွားမှသာ ကျား၏ အထောက်အထားလက္ခဏာများ တွေ့နိုင်တော့ပါသည်။

"သို့ဖြစ်၍ ဟူးကောင်းချိုင့်ဝှမ်းအတွင်း ကျားများ နောက် ၁၀ နှစ်ခန့်ဆက်လက် ရှင်သန်နေဦးမည်ဟု ခန့်မှန်းမည်ဆိုပါလျှင် လက်ရှိအနေအထားအပေါ် အကောင်းမြင်လွန်းရာကျသွားမည်ဖြစ်ပါသည်။"

လူ့ပယောဂ

အထက်ပါစာပိုဒ်မှာ ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှမတ်လ ၂၂ရက်အထိ ၇၂ ရက်ကြာ ဆောင်ရွက်ခဲ့သော အဆိုပြု ဟူးကောင်းချိုင့်ဝှမ်း ကျားစာရင်းကောက် သုတေသန အစီရင်ခံစာမှ ကောက်နုတ်ချက်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံတွင် ကျားများရှင်သန် ကျက်စားမှုနှင့် စပ်လျဉ်း၍ လွန်ခဲ့သည့်နှစ်နှစ်က အခြေအနေကို ထင်ဟပ်ဖော်ပြနေခြင်းလည်း ဖြစ်သည်ဟုဆိုနိုင်သည်။ ကျားကောင်ရေ လျော့နည်းကျဆင်းလာရခြင်းအတွက် အဓိကတာဝန်ရှိသူမှာ လူပင်ဖြစ်သည်။ တိုက်ရိုက်အားဖြင့်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လူတို့၏ လုံ့လ၊ ပယောဂကြောင့် ကျားများရှင်သန်နေထိုင်ရာ ဒေသများ၊ စားကျက်ဒေသများ ပျက်စီးပျောက်ဆုံးခြင်း၊ ကျားတို့၏ အစာသတ္တဝါများကို လူတို့က အမဲလိုက်ခြင်း၊ ကျားသတ္တဝါများကို ရွေးချယ် အမဲလိုက်ခြင်း စသည်တို့ကြောင့် ကျားကောင်ရေများမှာ လျင်မြန်စွာလျော့နည်း ကျဆင်းခဲ့ရကြောင်း သိရှိရသည်။

ထမံသီဘေးမဲ့တော

သစ်တောရေးရာ ဝန်ကြီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန၊ မြန်မာနိုင်ငံ ကျားလေ့လာစာရင်းကောက်အဖွဲ့ (National Tiger Survey Team)သည် လူတွေ့မေးမြန်း စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာပေးလုပ်ငန်းများကို ၁၉၉၉ ခု ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ ထမံသီဘေးမဲ့တော ပတ်ဝန်းကျင်ကျေးရွာများ၌လည်းဆောင်ရွက်ခဲ့ရာ လုပ်ငန်းအစီရင်ခံစာ၌–

"၁၉၇၀–၇၁ ခုနှစ်ခန့်က ထမံသီဘေးမဲ့တော ဧရိယာအတွင်း သဘာဝအလျောက် ပေါက်ရောက်သော သစ်မွှေးပင်များကို ဒေသခံကျေးရွာသားများ အုပ်စုလိုက် ဝင်ရောက်ခုတ်ယူခဲ့ကြပါသည်။ သစ်မွှေး အဆီအနှစ်များကိုရယူပြီး အဆီတစ်ပိဿာလျှင် ထိုအချိန်က ကျပ်တစ်သိန်းခန့်တန်ဖိုးရှိပါသည်။ ဘေးမဲ့တောအတွင်းမှ သစ်မွှေးပင်များ အများအပြား ခုတ်ယူခံခဲ့ရ၍ ထိုအချိန်ကို ဒေသခံများက **သစ်မွှေးခေတ်**ဟုခေါ်ဆိုသည်။ **သစ်မွှေးခေတ်**တွင် သဘာဝတောများအပြား ပြုန်းတီးခဲ့သည်။

"၁၉၈၉–၉၀ ခုနှစ်တွင် အဓိကို ကုမ္ပဏီက ဘေးမဲ့တောဧရိယာ အနီးပတ်ဝန်းကျင်ဒေသတွင် ရေနံရှာဖွေရေးစီမံချက်ဖြင့် ကားလမ်းများ ဖောက်လုပ်ခြင်း၊ ရဟတ်ယာဉ်များဖြင့် နေ့စဉ်နှင့်အမျှ ဆူညံစွာပျံသန်း၍ ရေနံရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကြောင့် သားငှက်တိရစ္ဆာန် အများအပြား ပျောက်ကွယ်ခဲ့ပါသည်။ ထိုအချိန်ကို ဒေသခံများက **အဓိကိုခေတ်**ဟု ခေါ်ဆိုသည်။ **အဓိကိုခေတ်**တွင် တောရိုင်းတိရစ္ဆာန်အများ အပြား ပျောက်ကွယ်ခဲ့သည်။

၁၉၉၂–၉၃ခုနှစ်တွင် ချင်းတွင်းမြစ်ရိုးတစ်လျှောက်၌ လည်းကောင်း၊ ချင်းတွင်းမြစ်နှင့် ဆက်စပ်လျက်ရှိသော ချောင်းရိုးများတစ်လျှောက်၌ လည်းကောင်း **ရွှေမျှော**လုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းရှင်များက ဒေသခံကျေးရွာသားများကိုငှားရမ်း၍ မြစ်ရိုးချောင်းရိုးများ တစ်လျှောက်၌ စက်ကိရိယာများဖြင့် သဘာဝရွှေများ ရယူခြင်းလုပ်ငန်းကို ဒေသခံများက **ရွှေမျှောလုပ်ငန်း**ဟု ခေါ်ဆိုပြီး ထိုအချိန်ကို **ရွှေမျှောခေတ်** ဟု ခေါ်ဆိုသည်။ **ရွှေမျှောခေတ်** နောက်ပိုင်းတွင် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ တောင်ကမ်းပါးယံများပြိုခြင်း၊ မြစ်ချောင်းများအတွင်း သောင်ထွန်းခြင်းစသည့် သဘာဝအန္တရာယ်များ ဖြစ်ပေါ်လာခဲ့သည်"ဟူ၍ အစီရင်ခံတင်ပြထားကြောင်း တွေ့ရသည်။ သစ်တောများ ပျက်စီးပြုန်းတီးရခြင်း၊ တောရိုင်းတိရစ္ဆာန် အများအပြား ပျောက်ကွယ်သွားရခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးရခြင်း၏ အဓိကလက်သည် တရားခံမှာ အလိုရမ္မက်ကြီးလှသော လောဘသမားများပင် ဖြစ်ကြောင်း ယင်းအစီရင်ခံစာ၌ တွေ့မြင်နိုင်သည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တော ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦး အောင် ဒင် (အောင်ဒင်–သစ်တော ပညာ) က နိုင်ငံတော်၏ သဘာဝ ပတ်ဝန်းကျင်နှင့် သားငှက် တိရစ္ဆာန် ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ကြေးမုံသို့ ရှင်းပြစဉ်။
ဓာတ်ပုံ– ငွေအောင် (ကြေးမုံ)



ထမံသီ ဥရချောင်းဖျားများတွင် ရွှေရှာပြီးနောက် မြေဆီလွှာများ ပျက်သုန်းသွားသည့်မြင်ကွင်း။
ဓာတ်ပုံ–(W.C.S)

ဦးစားပေးဒေသ ၁၇ ခု

ကျားစာရင်းလေ့လာကောက်ယူရေးအဖွဲ့ (National Tiger Survey Team)သည် ၁၉၉၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၂ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံအတွင်း ဦးစားပေးဒေသ ၁၇ ခုကို ရွေးချယ်၍ ကျားများ ရှင်သန်ကျက်စားနေထိုင်မှုနှင့် စပ်လျဉ်း၍ လေ့လာစုံစမ်းခဲ့သည်။ ယင်းဒေသ ၁၇ ခုမှာ (၁) အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ (၂)ထမံသီ ဘေးမဲ့တော၊ (၃) သောင်ဒွတ်သစ်တောကြိုးဝိုင်း၊ (၄) မဟာမြိုင် သစ်တောကြိုးဝိုင်း၊ (၅) နန်ကမူသစ်တောကြိုးဝိုင်း၊ (၆) စာရာမေတိတောင်ဒေသ၊ (၇)ပေါင်းလောင်း ရေဝေရေလဲဒေသ၊ (၈) ပန်းလောင်ပြဒါးလင်းဂူ ဘေးမဲ့တော၊ (၉)ပဲခူးရိုးမအလယ်ပိုင်း၊ (၁၀) ရခိုင်ရိုးမ မြောက်ပိုင်း၊ (၁၁) ရခိုင်ရိုးမ ဆင်ဘေးမဲ့တော၊ (၁၂) ဟူးကောင်းတောင်ကြားဘေးမဲ့တော၊ (၁၃) ခေါင်လန်ဖူးဒေသ၊ (၁၄) ဆွမ်ပရာဘွမ်ဒေသ၊ (၁၅) မိုးမိတ်မဘိမ်းဒေသ၊ (၁၆)မြင်းခြံရှိ လက်ခတ်တောင်ဒေသ၊ (၁၇) တနင်္သာရီတောင်ပရူ သစ်တောကြိုးဝိုင်းတို့ ဖြစ်သည်။

ကျားစာရင်းလေ့လာကောက်ယူမှုနည်းလမ်းလေးသွယ်အဖြစ် လူတွေ့မေးမြန်းခြင်း (Interview Servey)၊ ထောင်ချောက် ကင်မရာတပ်ဆင်ခြင်း (Camera Trapping)၊ ခြေရာအမှတ်အသား ကောက်ယူခြင်း (Track & Signs Recording)နှင့် စားကျက်ငယ်များကို လေ့လာအကဲဖြတ်ခြင်း (Micro-habitat Evaluation) တို့ ပါဝင်သည်။

အထက်ပါ နည်းလမ်းများဖြင့် လေ့လာတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ကျားအရေအတွက် လျော့နည်း ကျဆင်းလျက်ရှိပြီး ဦးစားပေးဒေသ ၁၇ခုအနက် ထမံသီဘေးမဲ့တော၊ ဟူးကောင်းတောင်ကြားဘေးမဲ့တောနှင့် တနင်္သာရီဒေသတို့တွင်သာ ကျားများရှိနေသေးကြောင်း အထောက်အထားများ ရရှိခဲ့ကြောင်း သိရသည်။

အလံတင်မျိုးနွယ်

ကျားများသည် ဂေဟစနစ် Ecosystemတစ်ခု၏ထိပ်ဆုံးမှ အလံတင်မျိုးနွယ် Flagship Speciesအဖြစ် နေရာယူထားသော တိရစ္ဆာန်မျိုးနွယ်တစ်ခုဖြစ်သည်။ ဂေဟစနစ်မျှတရှင်သန်ရေးအတွက် အရေးပါသော မျိုးနွယ်တစ်ခုဖြစ်သည့်အပြင် ၎င်းတို့၏ ခံ့ညားထည်ဝါလှပမှုကြောင့် ရယူပိုင်ဆိုင်လိုဖွယ်ရာ တိရစ္ဆာန်တစ်မျိုးလည်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ကျားများရှင်သန်ကျက်စားလျက်ရှိသော နိုင်ငံအနည်းငယ်မျှသာရှိရာ ၎င်းတို့မှာ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ရုရှားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ဖြစ်သည်။ ကျားမျိုးစိတ် ရှစ်မျိုးရှိသည့်အနက် ဦးရေအများဆုံးဖြစ်သည့် ဘင်္ဂလားကျားမျိုးစိတ်နှင့် ဒုတိယအများဆုံးဖြစ်သည့် အင်ဒိုချိုင်းနားကျားမျိုးစိတ်နှစ်ခုစလုံး မြန်မာနိုင်ငံ၌ ရှင်သန်နေထိုင်လျက်ရှိသည်။

ထိုကျားမျိုးစိတ်နှစ်ခု၏ စားကျက်ဒေသ မည်မျှကျယ်ဝန်းစွာရှိသနည်း။ ကျားကောင်ရေမည်မျှရှိသနည်းဆိုသည်ကိုမူ အကြမ်းဖျင်းခန့်မှန်းနိုင်ရုံမျှသာရှိပေသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ကျားကောင်ရေ အခြေအနေနှင့် စပ်လျဉ်း၍ မီဒီယာအချို့၏ ထုတ်ဖော်ရေးသားချက်များနှင့်စပ်လျဉ်း၍ ကြေးမုံသတင်းအဖွဲ့သည် သစ်တောရေးရာ ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဒင် (အောင်ဒင်–သစ်တောပညာ)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"မကြာသေးမီက မီဒီယာတချို့မှာ မြန်မာနိုင်ငံရဲ့ လက်ရှိကျားကောင်ရေဟာ ၁၅၀လောက်ပဲ ရှိတော့တယ်၊ ဒါဟာ ကျားတွေရဲ့စားကျက် ပျက်စီးလို့၊ တရားမဝင်အမဲလိုက်မှုတွေ ရှိလို့ဆိုပြီး ဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။ ဒီကျားကောင်ရေဖော်ပြချက်ဟာ နမူနာစာရင်းကောက်ယူတဲ့နည်းနဲ့ လက်လှမ်းမီသမျှ ကောက်ယူထားခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စာရင်းကောက် တိုင်းတာခြင်းမပြုနိုင်သေးတဲ့နေရာတွေ အများအပြားရှိနေပါသေးတယ်။ ကျားမျိုးသုဉ်းသွားပြီလို့ ယူဆထားရတဲ့ ရခိုင်ရိုးမ၊ ပဲခူးရိုးမတို့မှာ ကျားကို ပြန်လည်တွေ့ရှိရတဲ့ သတင်းတွေ ရနေတာတွေလည်း ရှိပါတယ်။

မူဝါဒနှစ်ရပ်

"ကျားတွေရဲ့စားကျက်ပျက်စီးတယ် ဆိုရာမှာလည်း တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလုပ်မဖြစ်လုပ်ရမယ့် တည်ဆောက်ရေးလုပ်ငန်းတွေ ရှိနေပါတယ်။ဒါဟာရှောင်လွှဲလို့မရပါဘူး။ ဒါပေမယ့် ဒီလို တည်ဆောက်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ တရားလက်လွတ် လုပ်နေတာ မဟုတ်ပါဘူး။ကျွန်တော်တို့ သစ်တောရေးရာဝန်ကြီးဌာနရဲ့ မူဝါဒထဲမှာကို "ကာကွယ်ခြင်းနဲ့ ထာဝစဉ်တည်တံ့ခြင်း"ဆိုတဲ့ မူဝါဒနှစ်ရပ်လည်း ပါဝင်ပါတယ်။ ဒီမူဝါဒတွေအရ ဘေးမဲ့တောတွေ၊ အမျိုးသားဥယျာဉ်တွေ၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေတွေ ဖွဲ့စည်းတည်ထောင် ထားပါတယ်။ စီးပွားဖြစ်ထုတ်ယူနေတဲ့ သစ်တောကြိုးဝိုင်းတွေရှိသလို Protective Area System လို့ခေါ်တဲ့ လုံးဝ

ဟူးကောင်းတောင်ကြား ရှင်ဗွေယံ ဒေသမှ ရွှေမိုင်းများ။
ဓာတ်ပုံ– (W.C.S)

ကျား သစ် နက်

တနင်္သာရီဒေသမှ ကျားသစ်နက် Black Panther။
ဓာတ်ပုံ– (W.C.S)

အထိမခံတဲ့ ကာကွယ်တော
တွေ ထူထောင်နေတာ အ
နိုင်ငံတော်အကျယ်အဝန်းရဲ့
၂၇ ရာခိုင်နှုန်း ရှိနေပါပြီ
ကျွန်တော်တို့ ၅ရာခိုင်နှုန်း
လက် တိုးချဲ့သွားမှာဖြစ်ပြီး
၁၀ရာခိုင်နှုန်းထိ ထားရှိနိုင်ဖို့
ထားပါတယ်။ ဒီတော
သဘာဝအပင်တွေနဲ့
တိရစ္ဆာန်တွေ ဆက်လက်
ဖွံ့ဖြိုးနိုင်မှာ ဖြစ်ပါတယ်။
Northern Forest Compl
မြန်မာပြည် မြောက်ဖျား
ခါကာဘိုရာဇီဒေသ၊ ဖွ
ဒေသနဲ့ ဟူးကောင်းတောင်ကြ
ကြီးသုံးခု ပါဝင်တဲ့ သဘာဝ
ကြီးတစ်ခု ထူထောင်သွားဖို့
ရွက်နေပါတယ်။

"ကျွန်တော်တို့ မြန်မာ
ဆိုက်တီးစ်(CITES)လို့ခေါ်တဲ့
ပျက်သုဉ်းလုဆဲ တောရိုင်း
နှင့် သစ်ပင်ပန်းမန်များ နိုင်
ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်း
၁၉၉၇ခုနှစ် စက်တင်ဘာလ
မှာ ဝင်ရောက် ထားခဲ့
ရှားပါး၍ မျိုးဆက် ပျက်သု
မည့် တောရိုင်းတိရစ္ဆာန်
ပန်းမန်နှင့် ၎င်းတို့၏ အစိ
များကို တရားမဝင် အရ
ရောင်းဝယ်နေမှုကို နိုင်
ပြဿနာတစ်ရပ်အနေနဲ့ အဖွဲ့
တွေက ပူးပေါင်းထိန်းချုပ်
ရန်ဆိုတဲ့ CITESရဲ့ အဓိက
ချက်နဲ့အညီ ကျွန်တော်တို့
နိုင်ငံဟာလည်း ပူးပေါင်း
ဆောင်ရွက်လျက် ရှိနေပါ

"ဒီအပြင်လည်း မြန်မာ
CITES အဖွဲ့ဝင်နိုင်ငံ
ကတည်းက ကျွန်တော်
လိုအပ်ချက်နဲ့အညီ ၁၉၉
တောရိုင်းတိရစ္ဆာန်နှင့် သဘာ
များ ကာကွယ်ရေးနှင့်သဘာ
များ ထိန်းသိမ်းရေးဥပဒေကို
ခဲ့ပြီး ၂၀၀၂ခုနှစ်မှာ နည်းဥ
ကို ပြဋ္ဌာန်းခဲ့ပါတယ်။

လုံးဝကာကွယ်ထား

"ဒီဥပဒေအရ ကျားအ
လုံးဝ ကာကွယ်ထားတဲ့
တိရစ္ဆာန်တွေကို သတ်ဖြ
အမဲလိုက်မယ်၊ ဒဏ်ရာ
ဖြစ်စေမယ်၊ ရောင်းဝယ်ဖေ
မယ်ဆိုရင် ထောင်ဒဏ် ခုန
ဒါမှမဟုတ် ဒဏ်ငွေ ကျပ်
ဒါမှမဟုတ် ဒဏ်နှစ်ရပ်လုံး
ရမယ်လို့ပြဋ္ဌာန်းထားပါတယ်
မဝင် အမဲလိုက်မှုမှာ အဓိက

အထိမခံတဲ့ ကာကွယ်တောဧရိယာတွေ ထူထောင်နေတာ အခုဆိုရင် နိုင်ငံတော်အကျယ်အဝန်းရဲ့ ၄ဒသမ ၂၇ ရာခိုင်နှုန်း ရှိနေပါပြီ။ ဒါကို ကျွန်တော်တို့ ၅ရာခိုင်နှုန်းထိ ဆက်လက် တိုးချဲ့သွားမှာဖြစ်ပြီး ရေရှည်မှာ ၁၀ရာခိုင်နှုန်းထိ ထားရှိနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ ဒီတောတွေထဲမှာ သဘာဝအပင်တွေနဲ့ တောရိုင်းတိရစ္ဆာန်တွေ ဆက်လက်ရှင်သန်ဖွံ့ဖြိုးနိုင်မှာ ဖြစ်ပါတယ်။ ဒီအပြင် Northern Forest Complex ဆိုပြီး မြန်မာပြည် မြောက်ဖျားပိုင်းက ခါကာဘိုရာဇီဒေသ၊ ဖွန်ဂန်ရာဇီဒေသနဲ့ ဟူးကောင်းတောင်ကြားဒေသကြီးသုံးခု ပါဝင်တဲ့ သဘာဝနယ်မြေကြီးတစ်ခု ထူထောင်သွားဖို့ ဆောင်ရွက်နေပါတယ်။

"ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဆိုက်တီးစ်(CITES)လို့ခေါ်တဲ့ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းကို ၁၉၉၇ခုနှစ် စက်တင်ဘာလ ၁၁ရက်မှာ ဝင်ရောက် ထားခဲ့ပါတယ်။

ရှားပါး၍ မျိုးဆက် ပျက်သုဉ်းတော့မည့် တောရိုင်းတိရစ္ဆာန်၊ သစ်ပင်ပန်းမန်နှင့် ၎င်းတို့၏ အစိတ်အပိုင်းများကို တရားမဝင် အလွှန်အကျွံ ရောင်းဝယ်နေမှုကို နိုင်ငံတကာ ပြဿနာတစ်ရပ်အနေနဲ့ အဖွဲ့ဝင်နိုင်ငံတွေက ပူးပေါင်းထိန်းချုပ်ကာကွယ်ရန်ဆိုတဲ့ CITESရဲ့ အဓိကရည်ရွယ်ချက်နဲ့အညီ ကျွန်တော်တို့ မြန်မာနိုင်ငံဟာလည်း ပူးပေါင်း ပါဝင်ဆောင်ရွက်လျက် ရှိနေပါတယ်။

"ဒီအပြင်လည်း မြန်မာနိုင်ငံဟာ CITES အဖွဲ့ဝင်နိုင်ငံ မဖြစ်ခင်ကတည်းက ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်နဲ့အညီ ၁၉၉၄ခုနှစ်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၂ခုနှစ်မှာ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပါတယ်။

လုံးဝကာကွယ်ထား

"ဒီဥပဒေအရ ကျားအပါအဝင် လုံးဝ ကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်တွေကို သတ်ဖြတ်မယ်၊ အမဲလိုက်မယ်၊ ဒဏ်ရာအနာတရ ဖြစ်စေမယ်၊ ရောင်းဝယ်ဖောက်ကားမယ်ဆိုရင် ထောင်ဒဏ် ခုနစ်နှစ်ထိ၊ ဒါမှမဟုတ် ဒဏ်ငွေ ကျပ်၅၀၀၀၀၊ ဒါမှမဟုတ် ဒဏ်နှစ်ရပ်လုံး ချမှတ်ရမယ်လို့ပြဋ္ဌာန်းထားပါတယ်။ တရားမဝင် အမဲလိုက်မှုမှာ အဓိကပြဿနာဟာ ပြည်ပဈေးကွက်မှ တောင်းဆိုမှုပဲ ဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန် ထွက်ကုန်ပစ္စည်းကို ကျွန်တော်တို့ ပြည်တွင်းမှာ သုံးစွဲလေ့မရှိပါဘူး။ ဥပမာအားဖြင့် ဒီနေရာမှာ ကျားတစ်ကောင်ရှိတယ်လို့ သတင်းရတာနဲ့ တစ်ပြိုင်နက်ဈေးကွက်ကလွှတ်လိုက်တဲ့ မုဆိုးရောက်လာပြီး ပစ်ခတ်သတ်ဖြတ် ထုတ်ယူသွားတာပါပဲ။ ဒါကိုလည်း ကျွန်တော်တို့ ပူးပေါင်းအဖွဲ့တွေနဲ့ နယ်စပ်ဒေသမှာရော၊ အတွင်းပိုင်းဒေသတွေမှာပါ တားဆီးဆောင်ရွက်နေတဲ့အတွက် လျော့နည်းကျဆင်းလာပါတယ်၊ သဘာဝပတ်ဝန်းကျင်နဲ့ တောရိုင်းတိရစ္ဆာန်တွေကို ကာကွယ်ထိန်းသိမ်းရာမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုဟာ သိပ်ကိုအရေးပါတယ်လို့ပြောကြားလိုပါတယ်" ဟူ၍ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဒင်က ကြေးမုံသတင်းအဖွဲ့ကို ရှင်းလင်းပြောကြားခဲ့ပါကြောင်းရေးသားတင်ပြလိုက်ရပါ၏။ ။

(ကြေးမုံ)

ဝါတွင်းအဘိဓမ္မာ (ညဝါ)ယမိုက် ပဋ္ဌာန်းသင်တန်းများဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၆

ရန်ကုန်မြို့ ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ အဘိဓမ္မာ(ညဝါ) ယမိုက်ပဋ္ဌာန်းသင်တန်းများကို ဩဂုတ်၂၈ရက်မှစ၍ ဓမ္မဒါနပို့ချမည်ဖြစ်ရာ ဆရာကြီး ဦးဘငွေ(မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာအဘိဓမ္မိကဝိသဋ္ဌကလျာဏ ဉာဏဓဇ)က စိတ္တ၊ ဓမ္မ၊ ဣန္ဒြိယ ယမကနှင့် အထက်ယမိုက် ငါးကျမ်းတို့ကို ဥပုသ်နေ့မှအပ နေ့စဉ် မွန်းတည့်၁၂နာရီမှ ညနေ၃နာရီအထိ၊ ဆရာဦးစိုးကြည်(မဟာအဘိဓမ္မိက ကလျာဏရာဇဓဇောက သခါယယမက အနုသယယမကတို့ကို မွန်းလွဲ၁နာရီခွဲမှ ညနေ၃နာရီအထိ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က ပဋ္ဌာန်း(ညဝါ) ကုသလတိတ်ကို ညနေ၃နာရီမှ ၄နာရီအထိ ပို့ချမည်ဟုသိရသည်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

ရန်ကုန် ဩဂုတ် ၂၆

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကကျောင်းတော်ကြီးသို့သွားရောက်၍ အလှည့်ကျသီတင်းသုံးလျက်ရှိသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဩဘာသာဘိဝံသတို့က ဩဝါဒကထာ အသီးသီးချီးမြှင့်ကြပြီး ဝန်ကြီးက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာလှဖေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

စာသင်တိုက်ကြီးများသို့ ဗလာစာအုပ်များလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ် နာယကဆရာတော်များဖြစ်ကြသော ပြည်မြို့ သီတာရုံ ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ သာကေတ အဘယာရာမဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တ သောဘဏ၊ မန္တလေး အနောက်ခင်မကန်တိုက် စည်သာကျောင်းဆရာတော် မဟာဓမ္မကထိဗဟုဇနဟိတဓရ ဓမ္မာစရိယ ဘဒ္ဒန္တနာရဒနှင့် ဆရာကြီး ဦးစန်းမောင်(ဇီဝဖလ) ဦးစီးသော သာသနမာမက ဓမ္မရက္ခိတ အကျိုးတော်ဆောင် အလှူရှင်များနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တို့က လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂ရက်မှ ၂၀ရက်ထိ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အတွင်းရှိ စာသင်တိုက်ကြီး ၆၀ရှိ ဝါဆိုသံဃာအပါး ၁၈၈၅၀ တို့အား ဗလာစာအုပ်ငါးသောင်းခြောက်ထောင်ကျော်ကို ဒသမအကြိမ်မြောက် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဝန်ကြီး ဦးဝင်းအောင် အိန္ဒိယပြည်ပရေးရာဝန်ကြီးထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှရီယာ့စ်ဝန့်ဆင်းဟာထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဂျပန်အရိပ်ထိုး ကပွဲအဖွဲ့ ဆက်လက်ဖျော်ဖြေ

ရန်ကုန် ဩဂုတ် ၂၆

အာဆီယံ-ဂျပန် ဆက်ဆံရေးနှစ် (၂၀၀၃ ခုနှစ်) အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံမှ အနုပညာရှင် ၁၀ဦးပါဝင်သည့် ဂျပန်အရိပ်ထိုးကပွဲအဖွဲ့ Japanese Shadow Play Troupe သည် ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဒုတိယနေ့အဖြစ် ဆက်လက်ဖျော်ဖြေကြသည်။

ဖျော်ဖြေတင်ဆက်

ဖျော်ဖြေပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် Mr. Yasuaki Yamasaki ဦးဆောင်သည့် Mochimochi No Ki အရိပ်ထိုး ကဇာတ်အဖွဲ့က သံစုံအရိပ်ထိုးကဇာတ်၊ လက်ချောင်းအရိပ်ကစားပွဲနှင့် လူပုံအရိပ် ကဇာတ်အစီအစဉ်တို့ဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

အဆိုပါ အရိပ်ထိုးကပွဲအဖွဲ့သည် နံနက်၁၀နာရီတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဂျပန်ဘာသာဌာနနှင့် ပုဂ္ဂလိက ဂျပန်ဘာသာသင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ၊ မြန်မာနိုင်ငံရောက် ဂျပန်မိသားစုများအား ဂျပန်ဘာသာစကားပြော အရိပ်ထိုးကဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

တက်ရောက်ဆွေးနွေး

အလားတူမွန်းလွဲ ၂နာရီတွင် အရိပ်ထိုး ကဇာတ်ပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ရန်ကုန်ပန်းချီကျောင်းတို့မှတာဝန်ရှိသူများ၊ ရုပ်သေးပညာရှင်များနှင့် သဘင်ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။ (သတင်းစဉ်)

မလေးစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၆

K.M Language & Business Centre က စီစဉ်သော အချိန်တိုအတွင်း ထိရောက်ဆုံးသောနည်းဖြင့် လက်တွေ့သင်ကြားပေးမည့် မလေးစကားပြောသင်တန်းကို လစဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ KM Centre အမှတ်(၂၅)နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ် ခန်းမအနီး ဖုန်း-၂၂၁၁၆၀ နှင့် အမှတ်(၂၈၆) ဗညားဒလလမ်း တာမွေမြို့နယ် ဖုန်း-၇၀၉၈၇၄တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပထမလတ်တန်းအတွက် အထူးထုတ် အာဂုံဆောင်ကဒ်ါကျမ်းစာအုပ် ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုကြမည့် ရဟန်း၊ သာမဏေနှင့်သီလရှင်များ လက်စွဲပြုရမည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ် ရေးသားပြုစုထားသော ပထမလတ်တန်းအတွက် အထူးထုတ် အာဂုံဆောင် ကဒ်ါကျမ်းကို ရွှေတိဂုံဘုရား တောင်ဘက်မုခ်ဈေးတော်ရှိ အမှတ်(၁၉) ရွှေမိုးအိမ်စာပေက မြန်မာတစ်ပြည်လုံးသို့ စတင်ဖြန့်ချိလိုက်သည်။ ယင်းစာအုပ်၌ မေးခွန်းမေးကွက်ကောင်းသော အဓိပ္ပာယ်များ၊ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ နှစ်ပေါင်း ၄၀ကျော် ပုစ္ဆာအဖြေများပါရှိပြီး ရွှေတိဂုံဘုရားရှိ စာအုပ်ဆိုင်များ၊ မန္တလေးဈေးချိုတော်ရှိ စာအုပ်ဆိုင်များနှင့် ထွန်းဦးစာပေတို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

တောရိုင်း တိရစ္ဆာန်များ၏ အစိတ်အပိုင်းများကို တရားမဝင် ရောင်းဝယ်ဖောက်ကားလျက်ရှိသော နယ်စပ်ဒေသမှ ဆိုင်တစ်ခု၏ မြင်ကွင်း။

ဓာတ်ပုံ-(W.C.S)

ရင်သွေးငယ်များအတွက် အဆင့်မြင့်မူကြို

ရန်ကုန် ဩဂုတ် ၂၆

ရင်သွေးငယ်များအတွက် Future Star မူကြိုကျောင်းတွင် အထူးအစီအစဉ်များဖြင့် သင့်ရင်သွေးငယ်များကို သင်ကြားပေးလျက်ရှိသည်။ အင်္ဂလိပ်နှင့် မြန်မာယဉ်ကျေးသော အပြုအမူနှင့် အလေ့အကျင့်၊ အရေးအတွက်နှင့် ကွန်ပျူတာဂီတကဗျာနှင့် တေးသီချင်း၊ ပုံဆွဲနှင့် အရောင်ခြယ်ခြင်း၊ အထွေထွေဗဟုသုတစသည်တို့ကို Experienced Teachers များက Oxford University မှ Nursery နှင့် Pro-school အတွက် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိပြီး Certified Child Caretakers များကလည်း ရင်သွေးငယ်များကို ပြုစုစောင့်ရှောက်ပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် Future Star Quality Training Certre ခြံအမှတ်(၂၆/က)၊ ယောမင်းကြီးလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၁၀၁၀၅နှင့် ဖုန်း-၃၇၉၂၁၈၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၈-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ တေးသရုပ်ဖော်အစီအစဉ်
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၈။ တေးဂီတအစီအစဉ်
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Learning English The Easy And Happy Way For Children And Beginners
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading.
၄:၄၀ ၄။ တေးဂီတအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅:၁၀ ၆။ သီချင်းကြီးပဒေသာ
၅:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၄၀ ၈။ ၂၀၀၃ခုနှစ် ဧကာဒသမအကြိမ် (၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (ဝါသနာရှင်အဆင့်) (အမျိုးသား)
၅:၅၅ ၉။ တေးဂီတအစီအစဉ်
၆:၀၅ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Milo Success In Soccer.
၇:၁၀ ၁၅။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၇:၂၅ ၁၆။ တေးဂီတအစီအစဉ်
၇:၄၀ ၁၇။ ဝင်ငွေတိုးစေဖို့ မက္ကဒေးမီးယားသီးနှံစိုက်ကြစို့
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း-၇)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

မြသိန်းတန်ဓမ္မရိပ်သာတရားစခန်း

ရန်ကုန် ဩဂုတ် ၂၆

ရွှေပြည်သာမြို့နယ် အုတ်ဖိုစု မြသိန်းတန်ဓမ္မရိပ်သာ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ (၃၅)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းကို စက်တင်ဘာ ၃ရက်နံနက် ၈နာရီတွင်စတင်ဖွင့်လှစ်၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန့်၏ ကမ္မဋ္ဌာန်းဆရာလေးဦးက အနီးကပ်ပြသကြမည်ဖြစ်ရာ ဖုန်း–၆၁၀၈၇၉နှင့် ဖုန်း–၆၁၀၈၉၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ယောဂီများကို ဖွင့်မည့်နေ့ နံနက် ၇နာရီတွင် မင်္ဂလာဇျုံဟာအသင်းချုပ်မှ ရွှေပြည်သာ တရားစခန်းသို့ အခမဲ့ပို့ဆောင်ပေးမည်ဟုသိရသည်။ (က–ပ)

သားငါးဖွံ့ဖြိုးမှု ပြည့်အကျိုး

အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲ ပြည်ထဲရေးက မလိခကို ပွတ်ကာသီကာနိုင်

သတင်းဆောင်းပါး –ညီညီစိုးညွန့်၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၃–၂၀၀၄ ဘောလုံးရာသီ အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲအဖြစ် (ဂ)အုပ်စုမှ ပြည်ထဲရေးအသင်းနှင့် မလိခအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားကွင်းတွင်ခဲ့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးအသင်းက တစ်လုံးတည်းသောဂိုးဖြင့် ပွတ်ကာသီကာ အနိုင်ရရှိသွားသည်။

ပြည်ထဲရေးအသင်း – တစ်ဂိုး။
(နေမျိုး)
မလိခအသင်း – ဂိုးမရှိ။
အကောင်းဆုံးဆု – ဇော်လင်းထွန်း။
(ပြည်ထဲရေး)
ဒိုင်လူကြီး – ဦးမောင်မောင်ကြည်။

ယမန်နှစ်ဘောလုံးရာသီ ကွင်းဖွင့်ဘောလုံးပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲ အဆင့်အထိ ရောက်ရှိခဲ့သော ပြည်ထဲရေးအသင်းမှာ ရာသီသစ်၏ ပထမဦးဆုံးပွဲတွင် အဆင့်မြင့်တန်း၏ မျက်နှာသစ်အသင်းဖြစ်သော ပုဂ္ဂလိက မလိခအသင်း၏ ထိန်းချုပ်ကစားမှု၊ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်တို့ဖြင့် ယှဉ်ပြိုင်မှုတို့ကြောင့် ပွတ်ကာသီကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အတန်းတက်အသင်း

အဆင့်မြင့်တန်း၏ တတိယမြောက် ပုဂ္ဂလိကအသင်းဖြစ်သော မလိခ အသင်းမှာပြည်နယ်နှင့်တိုင်း အသီးသီးမှ မီးခဲပြာဖုံး ရွက်ပုန်းသီးကစားသမားလေးများဖြင့် စုစည်းဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းများသို့ ထူးချွန်သောဘောလုံးသမားမွေးထုတ်ပေးရန် ရည်ရွယ်ပြီး တည်ထောင်ထားခြင်း ဖြစ်သည်ဟုလည်း သိရသည်။ ယမန်နှစ်ဘောလုံးရာသီ ပထမတန်းတွင် အမှတ်ပေးချန်ပီယံဖြစ်ခဲ့သောကြောင့် အဆင့်မြင့်တန်းသို့ တက်ခွင့်ရခဲ့ပြီး ထိုနှစ်အဆင့်မြင့်တန်း ကွင်းပိတ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရသော်လည်း အသင်းကြီး ဘဏ္ဍာ/အခွန်နှင့် တွေ့၍ စောစီးစွာထွက်ခဲ့ရသည်။ ယခုဘောလုံးရာသီစတွင်မူ မလိခအသင်းသည် အသင်းကိုအထူးပြင်ဆင်ထားခဲ့ပြီး တရုတ်နိုင်ငံမှ နည်းပြဆရာကိုပင် ခေါ်ယူလေ့ကျင့်ပေးခဲ့သည်။ ထို့ကြောင့် အသင်းလိုက်ကစားအား၊ ကစားကွက်ဖော်ဆောင်မှုခံစစ်အပိုင်း၊ ထိုးစစ်ဆင်မှုများ ကောင်းလာခဲ့ပြီး ပြည်ထဲရေးအသင်းကိုပင် အန်တုကစားနိုင်ခဲ့သည်။ ပိုင်နယ်တီဂိုးအပါအဝင် အပြီးသတ်ဂိုးသွင်းမသေချာ၍သာ ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ ထိုကဲ့သို့ အသင်းကို ဘက်စုံကောင်းမွန်အောင် ပြုပြင်ပြီး ပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်မည်ဆိုပါက နောင်တွင် ရေ့ကဦးဆောင် လျှောက်လှမ်းနိုင်ခဲ့သော တံခွန်နှင့်ပဏ္ဍာမြားနဂါးအသင်းတို့ကဲ့သို့ပင် စွမ်းဆောင်နိုင်မည်ဟု မျှော်လင့်ရသည်။

ယမန်နှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၈)ရရှိခဲ့သော ပြည်ထဲရေးအသင်းသည် လက်ရွေးစင်ဟောင်း နေသူလှိုင်နှင့် ဇော်လင်းထွန်း၊ လူငယ်လက်ရွေးစင် စည်သူဝင်းတို့ ပါဝင်ကစားကြသော်လည်း အသင်းကစားကွက်ဖြိုင်ဆိုင်မှု အားနည်းနေသည်ကို တွေ့ရသည်။ အထူးသဖြင့် တိုက်စစ်မှူးများ ခြေမှန်ပျောက်နေပြီး ကွင်းလယ် မှဖန်တီးမှုလည်း အားနည်းနေသည်။ နောက်တန်းက ခပ်မာမာကစားနိုင်၍ သာ ပွဲဦးထွက် အမှတ်ပြည့်ရခဲ့ခြင်း ဖြစ်သည်။

ပထမပိုင်း

ပထမပိုင်းတွင် ပြည်ထဲရေးအသင်းက ကစားကွက်အသာဖြင့် ဖိကစားနိုင်မည်ဟု ထင်ရသော်လည်း ကစားပုံလေးနေခြင်း၊ အလယ်တန်းနှင့်ရှေ့တန်း ချိတ်ဆက်မှု လွဲနေခြင်းတို့ကြောင့် တိုက်စစ်အသွင် မပေါ်ဖြစ်နေသည်။ မလိခအသင်းကလည်း မိမိထက်သာသောအသင်းကို အန်တုကာပြည်ထဲရေးအသင်း ကစားကွက်ပုံဖော်၍မရအောင် လိုက်လံဖျက်ထုတ်ကစားသွားပြီး အခွင့်ရလျှင်ရသလို တိုက်စစ်ဆင်ရာ ဂိုးရနိုင်သောအခြေအနေများဖြစ်ပေါ်ခဲ့သည်။ သို့သော်အပြီးသတ်အားနည်းနေ၍သာ

မလိခအသင်းနောက်တန်းအောင်မျိုးဝင်းနှင့် ကျော်ကျော်မင်းတို့ နှစ်ဦးကြားမှ ပြည်ထဲရေးတိုက်စစ်မှူး စည်သူဝင်း ထိုးဖောက်ဂိုးသွင်းဟန်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကြောင့် ပြည်ထဲရေးအသင်း ဂိုးထပ်မဖြစ်နေသည်။

မလိခအသင်းကလည်း ချေပဂိုးရရှိဦးရန်အတွက် အားထည့်ပြီးကြိုးစားကစားလာရာ ၃၉မိနစ်တွင် ပိုင်နယ်တီစည်းအတွင်း၌ ဇော်ဇော်၏ထိုးဖောက်မှုကို ပြည်ထဲရေးနောက်တန်းမှ ကျော်ဇေယျာလင်း ခပ်ကြမ်းကြမ်းဖျက်ထုတ်လိုက်၍ဒိုင်လူကြီးကမလိခအား ပိုင်နယ်တီကန်ခွင့် ပေးလိုက်သည်။ ယင်းပိုင်နယ်တီကို အောင်မျိုးဝင်းကန်သွင်းသော်လည်း ပြည်ထဲရေးဂိုးသမားလိုင်ဝင်း ကာကွယ်လိုက်နိုင်သည်။ ထိုပိုင်နယ်တီဂိုးဝင်သွားလျှင် ပွဲအခြေအနေ ပြောင်းသွားနိုင်သော်လည်း ဂိုးမဝင်၍ မလိခ ချေပဂိုးရရေးအိပ်မက် ပျက်ပြယ်သွားပြီး ပွဲအပြီးတွင် ပြည်ထဲရေးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အားမရသေး

ပွဲအပြီးတွင် ပြည်ထဲရေးအသင်းအား ကြေးမုံက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။ အသင်းအုပ်ချုပ်သူ ဒုတိယ ရဲမှူးကြီးခင်ထွန်းက ပြောကြားရာတွင် အသင်းကို သင်္ကြန်တွင်း၊ တနင်္ဂနွေနေ့မှုသာနားပြီး နေ့စဉ် လေ့ကျင့်ခန်းဆင်းကြောင်း၊ သို့သော် ကစားသမားများမှာ စာမေးပွဲရှိခြင်း၊ နေမကောင်းခြင်းတို့ကြောင့် ကစားသမားအချို့မှာ လေ့ကျင့်မှု အပြည့်အဝ မဆင်းနိုင်ကြောင်း၊ လူသစ်အနေနှင့် (၈)အသင်းမှ သုံးယောက်ခေါ်ထားပြီး အသင်းမှ နှစ်ဦးကို (၈)အသင်းသို့ ပြန်ပို့လိုက်ကြောင်း၊ဝင်းထိုက်ကမူဒဏ်ရာသက်သာပါက ကစားမည်ဖြစ်ကြောင်း၊ အသင်းအတွက်အခြားအသင်းမှ ဘောလုံးသမား ကို ပရိသတ်ကြီးထံ တင်ပြလိုက်ပါသည်။

ဂိုးခံကောင်းသော ဒုတိယ ကြောင့် ပြည်ထဲရေးကို ပူးအပြီး ပြည်ထဲရေးကောင်းကင်ကို အသင်းရပ်ဆိုင်ကို တစ်ဦးမတိုက်ခဲ့သည်ဟု သိရသည်။

ပွဲစဉ်အလိုက်အကောင်းဆုံးဆုရ ဇော်လင်းထွန်း(ပြည်ထဲရေး)။
ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

ပြည်ထဲရေးအသင်း အသက်ရှူချောင်ခဲ့ခြင်း ဖြစ်သည်။ ပိုဆောင်ရေးအသင်းမှ ခေါ်ယူအားဖြည့်ထားသော အောင်မျိုးဝင်း ဦးဆောင်သော နောက်တန်းက ပြည်ထဲရေးတိုက်စစ်မှူးများ လှုပ်၍မရအောင် ထိန်းကပ်ကစားထားနိုင်သောကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းအစ ကိုးမိနစ်တွင် ပိုင်နယ်တီဧရိယာအစပ်မှနေ၍ နေမျိုးက မလိခနောက်တန်းလူများကြားမှ ကန်သွင်းလိုက်၍ ပြည်ထဲရေးအသင်း တစ်လုံးတည်းသော အနိုင်ဂိုးရရှိခဲ့သည်။ ထို့နောက်ပိုင်းတွင် ပြည်ထဲရေး က ထိုးဖောက်ကစားနိုင်သော်လည်း တိုက်စစ်မှူးများဖြစ်သည့် စည်သူဝင်းနှင့်နေသူလှိုင်တို့အတွဲ မညီခြင်း၊ အပိုင်ဂိုးသွင်းခွင့်များမဝင်ခြင်း၊မလိခနောက်တန်းလူများ ဖျက်အားကောင်းခြင်းတို့

က လက်ထောက်နည်းပြတာဝန်ယူကာ လေ့ကျင့်ပေးနေကြောင်း၊ ၎င်းက အသင်း၌ ကစားခွင့်ရလျှင် ကစားချင်ကြောင်း၊ သူကစားခွင့်ရလျှင် မိမိတို့ အသင်း ပို၍တိုးတက်လာနိုင်ကြောင်း၊ တဖြည်းဖြည်းနှင့် အသင်းကို တိုးတက်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ယနေ့ပွဲ

ညနေ၃နာရီခွဲ

(အောင်ဆန်းကွင်း)

လျှပ်စစ်စွမ်းအားနှင့် လယ်/ဆည်။

(ကြေးမုံ)

ယူနန်လက်ရွေးစင်နည်းပြ

အသင်းအုပ်ချုပ်သူ ဦးမြင့်လှိုင်က ကြေးမုံ၏ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားရာတွင် အသင်းကို လွန်ခဲ့သောခြောက်နှစ်ခန့်လောက်က တည်ထောင်ခဲ့ကြောင်း၊ အသင်းမှာ ယမန်နှစ်က ပထမတန်းတွင် အမှတ်ပေးချန်ပီယံဖြစ်ပြီး အဆင့်မြင့်တန်းကို

များမွေးပြီး နိုင်ငံအတွက် အားထားရသော ကစားသမားအဖြစ် ပေါ်ထွက်လာအောင်မွေးမြူသွားမည်ဖြစ်ကြောင်း၊ ယနေ့ကစားပုံကို အားမရသေးကြောင်း၊ ယခုထက် ပိုကြိုးစားပြီး အမြင့်ဆုံးရောက်အောင် ကြိုးစားမည်ဖြစ်ကြောင်း”ဖြင့် ပြောကြားသွားသည်။

ယနေ့ပွဲတွင် အဆင့်မြင့်တန်း၏ အသင်းကြီးတစ်သင်းဖြစ်သော ပြည်ထဲရေးအသင်းကို သူတင်ကိုယ်တင် ကစားသွားကာ အစွမ်းပြနိုင်ခဲ့သော မလိခအသင်းအား ကြေးမုံက တွေ့ဆုံမေးမြန်းကာမလိခအသင်း အခြေအနေ

ဦးဦးဖျားဖျား တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းကို လားရှိုး၊ မြစ်ကြီးနား၊ ကွတ်ခိုင်၊ မန္တလေး၊ မော်လမြိုင်စသည့်ဒေသများမှ တိုင်းရင်းသား ကစားသမားအများစုနှင့် ဖွဲ့စည်းထားကြောင်း၊ ကစားသမားများကို လစာအပြင် စားသောက်စရိတ်၊ လေ့ကျင့်စရိတ်များပေးပြီး မိသားစုကဲ့သို့တစ်အိမ်ထဲတွင် အတူတူထားကြောင်း၊ အသင်းကို ချင်းလိုင်း မြန်မာကုမ္ပဏီက ထောက်ပံ့ပြီး လိုအပ်သမျှ ပံ့ပိုးပေးကြောင်း၊ မိမိတို့အသင်းကို တရုတ်ပြည် ယူနန်လက်ရွေးစင်ဟောင်း မစ္စတာလီဝှာလီ

စစ်ကိုင်းမြို့ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၂၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းမြို့ သောတာပန်ရပ် စစ်ကိုင်းကျောက်တော်ကြီး လေးကျွန်းမာန်အောင် မြတ်စွာဘုရား ဆေးတီတော်မြတ်ကြီး၏ (၆၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တော်သလင်းလဆန်း ရရက်တွင် ကျင်းပမည်ဖြစ်ရာသံဃာတော်အရှင်သူမြတ်အပါး ၅၄၀တို့အား စာရေးတံမဲနှင့် ဆွမ်းကြီးလောင်းလှူဒါန်းခြင်း၊ သီလရှင်ဆရာကြီးအပါး၁၀၀တို့အား လှူဖွယ်ဝတ္ထုများကို လှူဒါန်းမည်ဖြစ်သည်။

ဓမ္မသဘင်ပွဲများကို ဩဂုတ် ၂၉ရက်တွင် တိပိဋကဓရဆရာတော် အရှင်ဝံသပါလလင်္ကာရ၊ ၃၀ရက်တွင် ဆရာတော် သီတဂူအရှင်ဉာဏိဿရ၊ ၃၁ရက်တွင် ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒနှင့် စက်တင်ဘာ ၁ရက်တွင် သီတဂူဆရာတော်ကြီးတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မဟာသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၁၀၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၆

မဟာသတင်းဂျာနယ် အတွဲ(၁)၊ အမှတ်(၁၀၀)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။**(အမေါ်ပုံ)** အဆိုပါ ဂျာနယ်တွင် ခွန်ရဲ၏ တွေ့ကြုံခဲ့ရ လူ့ဘဝ(၃၄)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၏ ကျောင်းနေပျော်မှုစာတော်မည်၊ ဖိုးတာတေ၏ ပန်းချီကားနှစ်ချပ်အပေါ် အတွေးနယ်ချဲ့စရာ၊ ကျော်ဟိန်း၏ လက်ကျန်ရက်၃၆၅၀၊ မြတ်ခိုင်၏ အင်္ဂါစကားဝိုင်း ဆောင်းပါးတို့နှင့် အတူ အပတ်စဉ်အခန်းဆက်ဖော်ပြ လျက်ရှိသော တက္ကသိုလ်ထွန်းနောင်၏ စာတွေ့ထဲက အသောကနှင့် ရုပ်ရှင်ထဲက Asoka ဆောင်းပါး၊ ငြိမ်းအေးအိမ်၏ အဝါရောင်ဆောင်းရက်များ၏ မိုးစက်ပုံပြင် မဟာ အခန်းဆက် ဝတ္ထုရှည်နှင့်အတူ ပြည်တွင်းပြည်ပ အနုပညာနှင့် အားကစားသတင်းတို့ကို ကျော်ဘိုလူ၊တင်မောင်ဆွေ၊ ကျော်မောင် (မင်္ဂလာတောင်ညွန့်)၊ အောင်သြဘာ၊စိုးသီဟ၊ ခင်လိမ္မာမောင်မျိုး (ကြောင်နှစ်ကောင်)၊ သက်ကိုကိုတို့ရေးသားထား ပြီး အပတ်စဉ်ပါနေကျ မြတ်ခိုင်၏ မေးခွန်းတစ်ထောင်၊3Dလက်ဆောင် တို့ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။ (က–ပ)

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံမှနည်းသည်တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့အား ဂျပန်နိုင်ငံ Myanmar Economic & Management Instituteနှင့် The Business Study Committee on Greater Mekong Sub-Region ဥက္ကဋ္ဌ Mr. Tomoo Takahara သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ လာရောက်တွေ့ဆုံပြီးနောက် Myanmar - Japan Chamber of Commerce and Industry Business Cooperation Committeeအစည်းအဝေးကို ၂၀၀၄ခုနှစ် မတ်လအတွင်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပရေးကိစ္စ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌပေါင်း၍ လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ကျင်းပနိုင်ရေးကိစ္စ၊ ပုဂ္ဂလိကရှိ ရှေ့ဟောင်းဓာတ်ပုံထိုးပြ ပြင်ပြင်မွမ်းမံရေးအတွက် ဂျပန်ဗုဒ္ဓဘာသာ အသင်းအချို့မှ လှူဒါန်းလိုသည် ကိစ္စ ရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဂျူးပါးစာအုပ်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်သို့ မြန်မာ၊ အင်္ဂလိပ် ပညာရပ်ဆိုင်ရာ ရှားပါးစာအုပ်များ၊ ဂျာနယ်များ စုစုပေါင်း ၁၂၅အုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနတွင် အမှုထမ်းခဲ့သည့် လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးဘထွေးက ဩဂုတ်လဆန်းပိုင်းတွင် လာရောက်လှူဒါန်းသွားသည်။ (သတင်းစဉ်)

၂၀၀၃ - ၂၀၀၄ ဘောလုံးရာသီ

အဆင့်မြင့်တန်းကွင်းဖွင့် ဘောလုံးပြိုင်ပွဲမြင်ကွင်း

သတင်းဆောင်းပါး - မောင်မောင်ထွေး

ရန်ကုန် ဩဂုတ် ၂၆

ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးမှ အနိမ့်ဆုံးလမ်းဘေး ကလေးဘောလုံးပွဲအထိ စိတ်ပါဝင်စားသူ သူငယ်ချင်းအချို့က ဘောလုံးရူးဟုပင် တင်စားနောက်ပြောင်ခံရသူဆောင်းပါးရှင်မှာ ၂၀၀၂-၂၀၀၃ ဥရောပဘောလုံးရာသီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၂-၂၀၀၃ ဘောလုံးရာသီအပြီးတွင် ဘောလုံးပွဲများနှင့် ခေတ္တဝေးကွာခဲ့ရ၍ ရေမတွေ့သည့်ကြာသို့နှယ် စိတ်ထဲ၌ ခြောက်ကပ်ကပ် ဖြစ်နေခဲ့ရသည်။

လန်းလန်းဆန်းဆန်း

ယခုမူပြည်တွင်း၊ပြည်ပဘောလုံးရာသီသစ်ပြိုင်ပွဲများ ပြန်လည်စတင်ကျင်းပလာခဲ့၍ လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာသည်။ အင်္ဂလန် ပရီမီယာလိဂ်ပွဲစဉ်များက ရုပ်မြင်သံကြား၏ ကျေးဇူးကြောင့် အိမ်ဦးခန်းသို့ ရောက်ချလာသည်။

ပိုင်ရှင်အသစ်ဖြင့် ရတနာစိန်ကျောက်ဇယ်တောက်တမ်းကစားပြီး နာမည်ကျော်ဘောလုံးသမားများကို ဟောတစ်ယောက်၊ ဟောတစ်ယောက် ဝယ်ယူအင်အားဖြည့်နေသော ချယ်လ်ဆီး၊ ဒေးဗစ်ဘက်ဟမ်းနှင့် ဗီရွန်တို့ကိုရောင်းထုတ်ပြီး ကလီဗာဆင်နှင့် ခရစ်တီယန်ရော်နယ်ဒိုတို့နှင့် ပြန်ကျားကန်ခဲ့သည့် ဖာဂူဆန်၏ မန်ယူ၊ ငွေရေးကြေးရေး ကန့်သတ်မှုကြောင့် ရှိသည့်အင်အားဖြင့် ပြန်လည်အခြေတည်ခဲ့သည့် အာဆင်ဝင်းဂါး၏ အာဆင်နယ်၊ ဟုတ်မလိုလိုနှင့် ရာသီအပြီးတွင် အဖျားရှူးသွားတတ်သည့် ဟိုလီယာ၏ လီဗာပူး စသည် စသည်ဖြင့် ကြည့်ရှုလေ့လာခွင့် ရခဲ့သည်။

အားပေးချင်စိတ်

မန်ယူနှင့်နယူးကာဆယ်တို့ပွဲစဉ်တွင် မန်ယူ၏ချေပဂိုးကို နစ္စတယ်ရွိုင်းက ပိပိရိရိ၊ လှလှပပ ချေပသွင်းယူသွားသည်ကို ကြည့်ရသည်မှာ အရသာရှိလှသော်လည်း စိတ်ချင်ခြင်းရယ်က တယ်ပြီးမပြေလှ၊ မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ပထမအကြိမ် အာဆီယံ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် မိမိအမျိုးသားအသင်းကို ခုန်ပေါက်၊ အော်ဟစ်ကြွေးကြော်သလိုမျိုး အားရပါးရအားပေးချင်စိတ်ပေါက်လာသည်။ ကွင်းအတွင်းဝယ် နဖူးတွေ့၊ ဒူးတွေ့ ကြည့်ချင်သည်။

သို့မို့ကြောင့် ပြည်တွင်းဘောလုံးရာသီသစ်ကို မျှော်မိသည်။ ရေကန်အသင့်ကြာအသင့်ပင်။ ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီအားကစားဝန်ကြီးဌာနဝန်ကြီးဖလား အဆင့်မြင့်တန်း ကွင်းဖွင့်ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၂၁ရက်မှ စတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပလျက်ရှိချေပြီ။ (က)အုပ်စုတွင် တပ်မတော်ကြည်း(က)၊ ကာကွယ်ရေး၊ ပတ္တမြားနဂါး၊ သစ်တောရေးရာ။ (ခ)အုပ်စုတွင် ဆောက်လုပ်ရေး၊ စွမ်းအင်၊ တံခွန်၊ ပို့ဆောင်ရေး(က)။ (ဂ)အုပ်စုတွင် ပြည်ထဲရေး၊ လယ်ယာဆည်မြောင်း၊ လျှပ်စစ်စွမ်းအား၊ မလိခ။ (ဃ)အုပ်စုတွင် မြို့တော်စည်ပင်၊ သတ္တုတွင်း၊ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့ ပါဝင်ကြသည်။

ရေကုန်ရေခန်း

ပြိုင်ပွဲစတင်သည်မှာ ရက်ပိုင်းမျှသာရှိသေး၍ ပွဲစဉ်တစ်ပတ်မလည်သေး၊ ထို့ကြောင့်အသင်းအားလုံး၏ ခြေကိုမကြည့်ရသေးချေ။ ကြည့်မိခဲ့သည့်ပွဲစဉ်အချို့မှာမူ စိတ်အဆာပြေစေသည်။ အထူးသဖြင့် ပုဂ္ဂလိက တံခွန်အသင်းပွဲစဉ်ဆိုလျှင် ကစားသမားများမှာ လူငယ်များသာဖြစ်၍ ဘောလုံးကျွမ်းကျင်မှု၊ အပြီးသတ်ဂိုးသွင်းစွမ်းရည်တို့တွင် အားနည်းကောင်း အားနည်းကြမည်ဖြစ်သော်လည်း လူငယ်များပီပီ ရေကုန်ရေခန်းကြိုးစားအားထုတ်မှုမှာမူ သမ္မာရင့်အသင်းကြီးများကို ယှဉ်ပြိုင်နိုင်သည်။

ထို့ကြောင့် သမ္မာရင့် စွမ်းအင်(ရေနံ)အသင်းကြီးကို တံခွန်လူငယ်တို့က ပွဲစပွဲဆုံး အတင်းဝင် အတင်းထွက် တွန်းတွန်းတိုက်တိုက် ကစားသွားပြီး ပွဲဦးထွက်အနိုင်ရရှိသွားသည်။ ရသည့်ဂိုးသွင်းခွင့်အခွင့်အရေးများကိုသာ အပြည့်အဝ အသုံးချနိုင်ခဲ့ပါက ဂိုးပြတ်ဖြင့်ပင်အနိုင်ရရှိကြပေလိမ့်မည်။ အားရပါးရကန်သည့်ပွဲမို့ ကြည့်ရသည်မှာ အားရပါးရရှိလှသည်။

မြိုင်မြိုင်ဆိုင်ဆိုင်

လူကြီး၊ လူငယ်လက်ရွေးစင်များကို မိခင်ကလပ်အသင်းများသို့ ပြန်ကစားခွင့်ပြုထား၍ ကျန်ပွဲများမှာလည်း မြိုင်မြိုင်ဆိုင်ဆိုင်ရှိမည်မှာ သေချာလှသည်။ ကျင်းပသည့်နေရာကလည်းသွားရေးလာရေးလွယ်ကူပြီး ပွဲကြည့်စင်နှင့်ကွင်းက နီးနီးကပ်ကပ်၊ ပရိသတ်နှင့် အားကစားသမားတို့က နီးနီးစပ်စပ်ရှိလှသည့် အောင်ဆန်းအားကစားကွင်းဖြစ်၍ အဆင်ပြေလှသည်။

ပထမပိုင်းအပြီးခေတ္တနားချိန်တွင် အောင်ဆန်းကွင်းအရှေ့ဘက်တန်းကို မျှော်ငေးရင်း ကွင်းတွင်းကွင်းပြင်မှ ဆွေသဟာများကို ပြန်လည်မြင်ယောင်ပြီး လွမ်းမိပါသေးသည်။ ထိုစဉ်က ကျောင်းသားအရွယ်မျှသာရှိသေး၍ မုန့်ဖိုးဖြင့် အရှေ့ဘက်တန်းမှသာကြည့်နိုင်သည်။ ကျန်သည့်ပွဲစဉ်များ မရောက်လျှင်သာရှိမည်။ စီမံ/ဘဏ္ဍာ(ယခုဘဏ္ဍာ/အခွန်)နှင့် တပ်မတော်ကြည်းအသင်းတို့ ဆုံသည့်ပွဲစဉ်ဆိုလျှင် မရောက်ရောက်အောင်သွားကြည့်သည်။

စီမံ/ဘဏ္ဍာအသင်းမှ ရွှေဘော်၊ ရဲထွဋ်၊ စိုးနိုင်၊ ခွန်ကျော့ဖေတို့နှင့် တပ်မတော်ကြည်းအသင်းမှ ဘရန်ဒီးနှင့် သိန်းအောင်တို့ကို အမှတ်ရမိသည်။ ထိုမှတစ်ဆင့် ပရိသတ်များ ကွင်းလုံးပြည့်လျှံခဲ့သည့် ဘဏ္ဍာ/အခွန်နှင့် ဆောက်လုပ်ရေးအသင်းတို့၏ ၁၉၉၄ခုနှစ်က ဆန်စက်လုပ်ငန်းရှင်များဖလား နောက်ဆုံးဗိုလ်လုပွဲ၊ ၁၉၉၆-၉၇ခုနှစ်က ကျင်းပခဲ့သည့် မာဘိုလ်ရီလိဂ် အမှတ်ပေးပြိုင်ပွဲ၊ ကာကွယ်ရေးနှင့် ဘဏ္ဍာ/အခွန်တို့၏ အမျိုးသားအားကစား ပွဲတော် နောက်ဆုံးဗိုလ်လုပွဲများ စသည်စသည်ဖြင့် အတွေးမျှင်တို့က လွမ်းခြုံရစ်ပတ်လျက်ပင်။

နှစ်ဖက်ကစားသမားများ ဒုတိယပိုင်းပြန်လည်ကစားရန်ထွက်လာမှ မိမိအတွေးစတို့ ပြတ်တောက်သွားသည်။

ခိုင်ခိုင်မာမာ

သို့သော်မြန်မာဘောလုံးလောက အဆင့်မြင့်လာရေးနှင့် မြန်မာဘောလုံးအသင်း ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးအတွက် ကွင်းဖွင့်ဖလား၊ အမှတ်ပေးနှင့် ကွင်းပိတ်ဖလားဘောလုံးပြိုင်ပွဲတို့မှာ အဓိကကျသည်။ တည်တည်ငြိမ်ငြိမ်၊ ခိုင်ခိုင်မာမာကျင်းပပါမှဆိုသည့်အတွေးတို့မှာမူ ဘောလုံးပွဲပြီးသည်အထိ ဖြတ်တောက်၍မရတော့ချေ။ အထူးသဖြင့် အမှတ်ပေးပြိုင်ပွဲဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် ဗိုလ်စွဲသည့်အသင်းကိုသာ ချန်ပီယံအစစ်ဟု နိုင်ငံတိုင်းက သတ်မှတ်ထားကြသည်။

အကဲခတ်ကြည့်ရပါမည်

ထို့ကြောင့်ယခုနှစ် ဘောလုံးရာသီတွင် ကွင်းဖွင့်ဖလား ချန်ပီယံဖြစ်လာမည့် ချန်ပီယံအသင်းကို အမှတ်ပေးပြိုင်ပွဲတွင် ဆက်လက်အကဲခတ်ကြည့်ရပါဦးမည်။ ယခုမူ ကွင်းဖွင့်ဖလားပြိုင်ပွဲစတင်သည်မှာ မကြာသေး၍ အသင်းအားလုံး၏ခြေကို မကြည့်ရသေးချေ။ ယခုနှစ်မှ တန်းတက်လာသော ပုဂ္ဂလိကအသင်းသစ်လေး မလိခအသင်း၏ ခြေကို မသိရသေးသကဲ့သို့ ပြီးခဲ့သည့်ပြိုင်ပွဲများတွင် သူတစ်ပြန် ကိုယ်တစ်ပြန်ရှိသည့် နာမည်ကြီး ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့ပွဲစဉ်ကိုလည်း ဆက်လက်လေ့လာကြည့်ရှုရပါဦးမည်။ မြန်မာဘောလုံးပရိသတ်အပေါင်းသည်လည်း အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ဆွေသဟာတစ်သိုက်နှင့် အညောင်းပြေ၊ အညာပြေ၊ စိတ်အဆာပြေ တစ်ခါတစ်ခေါက် သွားကြည့်ကြရအောင်ဟူ၍ ကြေးမုံစာမျက်နှာမှတစ်ဆင့် ဖိတ်ခေါ်လိုက်ရပါသည်။ ။

(ကြေးမုံ)

ဂူရှူးဆန်းဆို လူရွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဆန်းဆိုလူရွေးပွဲကို ယနေ့ နံနက် ၉ နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ အေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်မှ နာယကကြီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ အမှုဆောင် ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နံနက်ပိုင်းပွဲစဉ်

နံနက်ပိုင်းပွဲစဉ်များတွင် အမျိုးသမီး ၄၈ ကီလိုတန်းတွင် ဆွေဆွေဝင်း(ကာကွယ်ရေး)က သင်းမြတ်မော်ကိုလည်းကောင်း၊ သဥ္ဇာစိုး(Y.C.D.C) က နွယ်နီကျော်ဝင်း(စီးပွားကူးသန်း)ကိုလည်းကောင်း၊ ၅၂ ကီလိုတန်းတွင် လှဲ့လှဲ့လင်း(ကာကွယ်ရေး)က စန်းစန်းဝင်း (ရထားပို့ဆောင်ရေး) ကိုလည်းကောင်း၊ ရာဇာခိုင်(ပြည်ထဲရေး) က နီလာထွန်း (ကာကွယ်ရေး)ကိုလည်းကောင်း၊ ၅၆ ကီလိုတန်းတွင် ဝါဝါမြင့် (ကာကွယ်ရေး)က ဘောဘီသန့်(ကာကွယ်ရေး)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

အမျိုးသားပြိုင်ပွဲများတွင် ၅၂ ကီလိုတန်းတွင် ကိုမင်း(သီဟရာဇာ)က စစ်နိုင်ကိုလည်းကောင်း၊ သိန်းထိုက်ဦး(ကာကွယ်ရေး)က တင်မျိုးအောင်(အာရှကလပ်)ကို လည်းကောင်း၊ မင်းမင်းထွန်း[အာစ (လှိုင်ကော်)]က စိုးထက်အောင်(ကာကွယ်ရေး) ကိုလည်းကောင်း၊ ဇော်ဝင်းနိုင်(အာရှလူငယ်)က မင်းသူ (ကြယ်ငါးလုံး Y.M.C.A)ကိုလည်းကောင်း၊ ၅၆ ကီလိုတန်းတွင် ရဲထိုက်စိုး(Y.C.D.C) က မျိုးချစ်ဦး (ကြယ်ငါးလုံး Y.M.C.A)ကိုလည်းကောင်း၊ အောင်ထွန်းလင်း(လယ်/ဆည်)က တင်ထွန်းဦး(Y.C.D.C)ကို လည်းကောင်း၊ ၆၅ ကီလိုတန်းတွင် စောခိုင်(နတခ)က ဇော်မင်းစိုး (ကာကွယ်ရေး) ကိုလည်းကောင်း၊ ဒိုရှမ်းမောင် (မဟာကြူနန်း Y.M.C.A)က ကျော်စွာ(သီဟရာဇာ) ကို လည်းကောင်း၊ ၇၀ ကီလိုတန်းတွင် မျိုးထွန်းအောင် (ကာကွယ်ရေး)က စန်းဦး (သီဟရာဇာ) ကိုလည်းကောင်း၊ ဝသန်အောင် (Y.C.D.C) က ဇော်အောင်(သီဟရာဇာ)ကိုလည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

ဩဂုတ် ၂၇ရက် (ယနေ့) ပွဲစဉ်များကို နံနက် ၉နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ဆန်းဆိုလူရွေးပွဲအမျိုးသား(၅၂)ကီလိုတန်းတွင် ကိုမင်း(သီဟရာဇာ)၏ ကန်ချက် စစ်နိုင်ကို ဤသို့ထိမှန်ခဲ့သည်။ (ကြေးမုံ)

၂၀၀၃ခုနှစ် ဩဂုတ်လထုတ် နဝဒေး ရသစုံစာပေမဂ္ဂဇင်း မျက်နှာဖုံး။ (က-ပ)

ကျန်းမာမှုနှင့်ပြည့်ဝသော မြို့များအစီအစဉ် သုဝဏ္ဏအထက၌ လက်တွေ့သရုပ်ပြ

ရန်ကုန် ဩဂုတ် ၂၆

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာမှုနှင့် ပြည့်ဝသောမြို့များအစီအစဉ်အရ လေထုအတွင်းမှ ကျဆင်းလာသော အမှုန်အမွှားများ၏ ပမာဏစုဆောင်းတိုင်းတာခြင်း လက်တွေ့သရုပ်ပြပွဲကို ကျန်းမာရေးဦးစီးဌာန၊ လုပ်ငန်းခွင်ကျန်းမာရေးဌာန၌ ဩဂုတ် ၂၂ရက် နံနက်ပိုင်းကကျင်းပရာ ညွှန်ကြားရေးမှူး ဒေါက်တာဘုန်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စီမံချက်မန်နေဂျာ ဒေါက်တာ သန်းထွဋ်၊ လုပ်ငန်းခွင်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာ မင်းသန်းညွှန့်နှင့် ဒေါက်တာနေဝင်းဦးတို့က ဟောပြောသရုပ်ပြကြသည်။ အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင်သဃ်န်းကျွန်းမြို့နယ်၊ အထက သုဝဏ္ဏမှ ကျောင်းကျန်းမာရေးတာဝန်ခံဆရာမ ဒေါ်လှလေးသွယ်နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်လေ့လာကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၄ခုနှစ် ရုံးသုံးပြက္ခဒိန်စတင်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့များ၏ စည်းရုံးရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရန်ပုံငွေရရှိစေရန်နှင့် ရင်းနှီးမှုပိုမိုရရှိစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ သက်သာ ချောင်ချိရေးလုပ်ငန်းအဖွဲ့က ၂၀၀၄ခုနှစ် ရုံးသုံးပြက္ခဒိန်ကို ရုပ်ရှင်၊ ဗီဒီယို၊ ကြော်ငြာ၊ သရုပ်ဆောင် ခိုင်သင်းကြည်၏ မြန်မာမှုသရုပ်ဖော်ပုံ မျက်နှာဖုံးနှင့်အတူ ယနေ့စတင်ဖြန့်ချိလိုက်သည်။

ပြက္ခဒိန်အရွယ်အစားမှာ ၁၅လက်မ x ၂၀လက်မအရွယ်ဖြစ်ပြီး အတွင်းစာသား ခြောက်ရွက်ပေါ်တွင် ထင်ရှားသောဂဏန်းများဖြင့် တစ်လတစ်မျက်နှာ ရိုက်နှိပ်ထားသည့် ၂၀၀၄ခုနှစ် ပြက္ခဒိန်ကို အစောင် ၅၀နှင့်အထက် မှာကြားဝယ်ယူသူများထံ ကိုယ်စားလှယ်နှုန်းတစ်စောင်လျှင် ကျပ် ၁၃၀နှုန်းဖြင့် စရိတ်ငြိမ်း ပေးပို့ပေးမည်ဖြစ်သည်။

အမှာစာပေးပို့ထားသော မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များသို့ အမှာစာအရလည်းကောင်း၊ အမှာစာနောက်ကျနေသော မြို့နယ်များသို့ ယမန်နှစ်ကပေးပို့ခဲ့သည့်အရေအတွက်အတိုင်းလည်းကောင်း စက်တင်ဘာ ၁ရက်မှစ၍ စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့မည်ဖြစ်သည်။

ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပြက္ခဒိန်အရောင်းကိုယ်စားလှယ်များ အနေဖြင့် ဝယ်ယူလိုပါက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှတ် ၅၂၉၊ ၅၃၁၊ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့် စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ် ဖုန်း-၂၅၂၄၁၇နှင့် ၂၅၄၁၇၃ တို့သို့ ဆက်သွယ်မှာကြားနိုင်သည်။ (သတင်းစဉ်)

ဩဂုတ် ၂၅ရက်က မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်သူများကို ဂုဏ်ပြုပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမောင်က စံပြ(ဂ)ရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းဦးအား ဂုဏ်ပြုလွှာ ပေးအပ်စဉ်။ (က-ပ)

နိုင်ငံအနှံ့ လမ်း၊ တမံ၊ ရေအားလျှပ်စစ်နှင့် ရထားလမ်းများ တည်ဆောက်မြှင့်တင်

ရွှေလီရေအားလျှပ်စစ် ရေအားယူမည့်နေရာ

ရွှေလီ ရေအားလျှပ်စစ် စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ ရွှေလီမြစ်ကို ကွန်ကရစ်တမံပိတ်၍ ရေအားကိုရယူမည့် ရွှေလီမြစ်အတွင်းမှ နေရာသည် နမ့်ခမ်းမြို့ အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာတွင် မြင်ရသည့် နေရာဖြစ်ပေသည်။ (ဝဲပုံ) (ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

ဆွာချောင်း ရေလှောင်တမံ

နိုင်ငံ တစ်နံတစ်လျားတွင် ရေလှောင်တမံပေါင်း ၁၅၀ ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ အပေါ်ပုံတွင် တောင်ငူဒေသမှ ဆွာချောင်း ရေလှောင်တမံကို တွေ့ရစဉ်။

(အပေါ်ပုံ) (ဓာတ်ပုံမှတ်တမ်း-စိုက်ပျိုးရေး)

လမ်းသား တိုးချဲ့ဖောက်လုပ်

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟဲဟိုး-တောင်လေးလုံး လမ်းအပိုင်း လမ်းသား တိုးချဲ့ဖောက်လုပ်ရာတွင် လမ်းအူကြောင်းဖြောင့်တန်းစေရန်အတွက် မြေနိမ့်ပိုင်းဒေသများတွင် တံတားခြောက်စင်း တည်ဆောက်ရန်ရှိကြောင်း သိရသည်။ ကလောမြို့နယ် ဟဲဟိုးနှင့်တောင်လေးလုံးကြား မိုင်တိုင် ၉၅/၄ နှင့် ၉၉/၆ တွင် တည်ဆောက်လျက်ရှိသည့် ကားလမ်းဖြတ်တံတား အုတ်မြစ်စီခြင်း လုပ်ငန်းခွင်ကို ဤသို့ တွေ့ခဲ့ရသည်။ (ယာပုံ)

[ဓာတ်ပုံမှတ်တမ်း- သွင်အေး(ကြေးမုံ)]

ဓာတ်ပုံ မှတ်တမ်း

သွင်အေး(ကြေးမုံ)
ရေချမ်းမြင့် နှင့်
စိုက်ပျိုးရေး

ပုံညာတောင်ကြော ရေမျက်နှီဘူတာရုံ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အရှည်မိုင် ၂၆၀ ရှိ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းကို အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

ယခုအခါ ရေမျက်နှီ-ကျောအပိုင်းသာ ဖွင့်လှစ်ရန် ကျန်ရှိပြီး ကျန်အပိုင်း၌ ရထားများပြေးဆွဲနေပြီဖြစ်သည်။ ဝဲပုံတွင် ရေမျက်နှီ ဘူတာရုံနှင့် ခင်းကျင်းပြီးနေသော ရထားသံလမ်းများကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ရေချမ်းမြင့်)

သီးနှံတိုးပွား အကျိုးများမည့် ဒါးဆိပ် မြစ်ရေတင် စီမံကိန်း

သတင်းဆောင်းပါး–သိန်းဝင်းလတ်
ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

ရန်ကုန်   ဩဂုတ်   ၂၆

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ **မြစ်ချောင်းရေတင်၊ စိုက်ပျိုးလှျင်၊ သီးနှံတိုးပွား၊ အကျိုးများ**ဆိုသကဲ့သို့ စိုက်ပျိုးရေးတွင် ရေသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပေသည်။ စိုက်ပျိုးရေးသမားတိုင်းသည် ရွှေကိုမလို၊ ငွေကိုမလို ရေကိုသာ အလိုရှိကြပေသည်။

တည်ဆောက်

နိုင်ငံတော်အစိုးရသည် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်၍ နိုင်ငံတစ်ဝန်း နေရာအနှံ့အပြားတွင် ဆည်ကြီးများ၊ ရေကာတာကြီးများ၊ မြစ်ရေတင်စီမံကိန်းကြီးများ၊ ရေသိုလှောင်ကန်ကြီးများကို တိုင်းနှင့်ပြည်နယ်အနှံ့ ဒေသလိုအပ်ချက်များအရ တည်ဆောက်ပေးလျက်ရှိသည်။

ကေသုံးသန်းအကျိုးဖြစ်ထွန်း

တပ်မတော်အစိုးရတာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ်မှ စ၍ ယနေ့အထိ ပြည်နယ်နှင့်တိုင်း အသီးသီးတို့၌ ဆည်တမံစုစုပေါင်း ၁၅၀ ခု တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး တောင်သူလယ်သမားများ၊ ပြည်သူများအတွက် လယ်မြေဧက သုံးသန်းနီးပါး အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။

ထိုသို့ အကျိုးပြုစေခဲ့သည်နှင့်အညီ ရေထိန်းတံခါး တည်ဆောက်မှုသည် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ၁၁ ခုရှိပြီး ဧက ၂၃၅၉၀၀ ကို အကျိုးပြုနေပြီဖြစ်သည်။

မြစ်ရေတင်လုပ်ငန်း ၂၆၅ ခု

ထို့အတူ မြစ်ရေတင်စီမံကိန်း လုပ်ငန်းများအနေဖြင့် ၁၉၉၅ခုနှစ်မှ ၂၀၀၃ ခုနှစ် မတ်လကုန်အထိ မြစ်ရေတင် လုပ်ငန်းစုစုပေါင်း ၂၆၅ ခုဖြင့် သီးနှံစိုက်ပျိုးဧက ၂၈၂၁၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့သည်။



ထိုသို့ တည်ဆောက်ပေးနေသည့် စီမံကိန်းများအနက် ကြေးသတင်းအဖွဲ့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ တောင်ကြီးခရိုင် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းသို့ ဩဂုတ် ၁၀ ရက်နေ့တွင် ရောက်ရှိခဲ့သည်။

ဒါးဆိပ်မြစ်ရေတင်စီမံကိန်း ရောက်ရှိခဲ့စဉ်အတွင်း စာရေးသူစူးစမ်းလေ့လာခဲ့ရာ–

ဒါးဆိပ် မြစ်ရေတင်စီမံကိန်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအနီး တည်ဆောက်ထားသည့် စီမံကိန်းတစ်ခု ဖြစ်သည်။

ရေအရင်းအမြစ်ဖြစ်သည့် နမ့်တိန်ချောင်းမှ ရေကို သွယ်ယူကာ ကျေးရွာများသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ တစ်နှစ်လုံး ပျမ်းမျှမိုးရေချိန် လက်မ ၂၀ ရရှိကြောင်း သိရသည်။

နမ့်တိန်ချောင်း၏ အမြင့်ဆုံးနှင့် အနိမ့်ဆုံးရေမှတ် ခြားနားချက်သည် ၁၀ ပေရှိသည်။

နမ့်တိန်ချောင်းအတွင်း ပင်မရေတင်စခန်းတစ်ခုမှ ရေတင်အမြင့်ပေ ၄၇ ပေထိ တင်နိုင်ကြောင်း သိရသည်။ ၎င်းပင်မရေတင်စခန်းကြီးမှ ထပ်ဆင့်ရေတင်စခန်းသုံးခုဖြင့် ၃၂ ပေ၊ ၃၂ ပေ၊ ၂၆ ပေထိ ရေအမြင့်တင်ပြီး စိုက်ပျိုးမြေများသို့ ရေပေးဝေလျက်ရှိသည်။

ပင်မရေတင်စခန်းမှ ခွဲထွက်လာသော ထပ်ဆင့်ရေတင်စခန်းသုံးခုမှ စိုက်ပျိုးမြေဧက ၃၄၀၀ ကို လုံလောက်စွာ ရေပေးဝေလျက်ရှိသည်။

အထောက်အကူပြု

ထို့ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ မြစ်ရေတင်စီမံကိန်းကြောင့် ဒေသတွင် အဓိကအရေးကြီးသီးနှံ (၁၀)မျိုးဖြစ်သည့် နှမ်း၊ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ စပါး၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် နေကြာများ ဒေသတွင်း မြစ်ရေတင် စီမံကိန်းကြောင့် ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ကို အောင်မြင်စွာ အထောက်အကူ ပေးနိုင်မည် ဖြစ်ကြောင်း သတင်းစကားပါးလိုက်ပါသည်။ ။

(ကြေးမုံ)

နှမ်းစိုက်ခင်း

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းမှ ပေးဝေသောရေဖြင့် စိုက်ပျိုးခဲ့သော အောင်မြင် ဖြစ်ထွန်းနေသည့် နှမ်းစိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ခဲ့ရသည်။

ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)



နမ့်တိန်ချောင်း

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာ ဒါးဆိပ် မြစ်ရေတင် စီမံကိန်းအရ နမ့်တိန်ချောင်းအတွင်းမှ ချောင်းရေသည် လယ်မြေဧက ၃၄၀၀ ကို အကျိုးပြုလျက်ရှိသည်။

ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)

ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၆

ရွှေနိုင်ငံဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)ကို ထုတ်ဝေဖြန့်ချိထားသည်။ အဆိုပါဂျာနယ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည့်သတင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် သုတစီမံခန့်ခွဲမှုပညာအလုပ်ရုံဆွေးနွေးပွဲ အမှတ်စဉ်(၁) သတင်းဓာတ်ပုံမှတ်တမ်းလွှာ၊ မောင်ဆုရှင်၏ ကလေးလူငယ်တို့ ဖတ်စရာစာပေ၊ မောင်ပညာကျော်၏ ကျားကိုသမင် မေတ္တာဝင် သမင်မေတ္တာ ကျားအစာ၊ တက္ကသိုလ်သိခ်၏ အစွမ်းအထက်မြက်ဆုံးသောစိတ်ဓာတ်၊ မောင်ယဉ်ကျော်၏ မှုခင်းပုံရိပ်လွှာမှ သင်ခန်းစာများ၊ သန့်သီရိညွန့်၏ မြန်မာစာအုပ်အညွှန်း၊ မြစိုးလွင်၏ အလှဂုဏ်ရည်ကဗျာ၊ အောင်ဇေယျ(နည်းပညာတက္ကသိုလ်)၏ ကြိုဆိုပါသည် စီမံကိန်းရွှေလီ၊ ပြည်နယ်၊ တိုင်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေစည်းရုံးရေး၊ ဖွံ့ဖြိုးရေးလှုပ်ရှားမှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြထားသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မြန်မာ ပီ၊ ဂျီ၊ အေတို့က ကြီးမှူး၍ မြန်မာ–ပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲအဖြစ် Kaung Myat Golf Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၇ ရက်အထိ မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်မရှိ

ပွဲဦးထွက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Professional Golfersများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသားအပျော်တမ်း ဂေါက်သီးရိုက်အားကစားသမားများအတွက် Handicap သုညမှ (၁၂)ချက်အထိ ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အသက် ၁၈ နှစ် မပြည့်သူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို Rothmans of Pall Mall Myanmar Pte., Ltd. က အဓိက ကူညီပံ့ပိုးမည်ဖြစ်ပြီး Title Sponsor အဖြစ် K. M Golf Centreက လည်းကောင်း၊ Official Air Line အဖြစ် Air Mandalay က လည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam (Munsing Wear)ကလည်းကောင်း၊ Official Office Equipment Supplierအဖြစ် Canonက လည်းကောင်း၊ Golf Equipment Supplier အဖြစ် Wilson က လည်းကောင်း၊ Official Paint Supplier အဖြစ် UPG ကလည်းကောင်း၊ Official Hotel အဖြစ် Sedona Hotel (Mandalay) က လည်းကောင်း၊ Hole-In-One Sukui Sun Far Travel and Tour၊ K.M Golf Centre နှင့် Wilson တို့က လည်းကောင်း အသီးသီး ထပ်မံပံ့ပိုးကူညီကြမည်ဖြစ်သည်။

ပေးသွင်း

မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း ပွဲဦးထွက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Professional Golfers များနှင့် အမျိုးသား အပျော်တမ်းဂေါက်သီးရိုက် အားကစားသမားများသည် စက်တင်ဘာ ၂ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ရေတံခွန်တောင်ဂေါက်ကွင်း ပြိုင်ပွဲရုံးခန်းမ ဖုန်း–၀၂–၂၁၀၆၀နှင့် ၂၆၈၈၉ တို့သို့လည်းကောင်း၊ ၀၉–၈၀–၂၁၅၃၆ သို့လည်းကောင်း ပြိုင်ပွဲဝင် အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်သည်။ (သတင်းစဉ်)

ဘီပိုးကာကွယ်ရေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တို့ ပူးပေါင်း၍ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးနှင့် ပတ်သက်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတ်မှတ်ချက်များဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက ဒဂုံမြို့နယ် ဗိုလ်ဝက လမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာရုံး)မှ ဒေါက်တာစတီဖင်၊ပီ၊ ဂျော့(စ်)၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား ပညာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာပိုင်စိုးက သဘာပတိ အဖွင့်အမှာစကား ပြောကြားသည်။ ယင်းဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများမှ ပညာရှင်၊ အရာရှိ အဆင့် ၅၈ဦးတို့ တက်ရောက်ဆွေးနွေးကြသည်။ (ကြေးမုံ)

ရန်ကုန်တက္ကသိုလ် Student's Guide English ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၆

၂၀၀၃–၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း (ဒသမတန်း) ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာ ပါမောက္ခက စီစဉ်တည်းဖြတ်လမ်းညွှန်သည့် Student's Guide English စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဆက်သွယ်ရန်မှာ ဦးမင်းဦးဌာနမှူး (သင်တန်းရေးရာ) ဘွဲ့နှင်းသဘင် အဆောက်အအုံ ရန်ကုန်တက္ကသိုလ် ဖုန်း–၅၃၆၅၀၃သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။



(အပေါ်ပုံ) (က–ပ)

Auto Cad ပုံများကို 3D Max, Photoshop 7, Bryce 5, Photovista, Photovista 3D Object, Premiere 6 တို့ဖြင့် ချိတ်ဆက်၍ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့၏ အဆင့်မြင့်နည်းပညာများအတိုင်း သင်ကြားပေးမည်။

mmt Computer Sale, Service & Training Center

No. 200, 39th street (middleblock),
Kyauktada Township, Yangon.
Ph-707566, 0980-21830, Fax: 951-650895
Email: mimitunwt@mptmail.net.mm

ပရီမီယာလိဂ်ပွဲစဉ်(၃) ယနေ့ကစားမည့် ပွဲစဉ်များ

ရန်ကုန် ဩဂုတ် ၂၆

ယနေ့ ပရီမီယာလိဂ်ပွဲစဉ်(၃)မှ ပွဲအချို့ကစားကြမည်။ ကစားမည့်ပွဲများမှာ အာဆင်နယ်–အက်စ်တွန်ဗီလာ၊ လီဗာပူး–တော့တင်ဟမ်ဟော့စပါး(စ်)၊ မန်ယူနှင့် ဝုလ်ဗာဟမ်ပ်တန်တို့ ဖြစ်ကြသည်။

အာဆင်နယ်–ဗီလာ

အာဆင်နယ်သည် ပရီမီယာလိဂ်ပြိုင်ပွဲများ စတင်ကတည်းက နိုင်ပွဲများဆက်တိုက်ရနေသော အသင်းဖြစ်သည်။ ငွေရေးကြေးရေး အခက်အခဲကြောင့် ဂိုးသမားတစ်ဦးမှအပ ကစားသမား ဝယ်ယူဖြည့်တင်းရေးကို မလုပ်ဆောင်နိုင်သော်လည်း ရှိသည့်လူအင်အားဖြင့် အသင်းကိုအကောင်းဆုံးဖြစ်အောင် ကစားသွားသည်။ ပွဲဦးထွက်တွင် အဲဗာတန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်သည်။ မစ်ဒယ်လ်ဘာရိုးနှင့်ပွဲတွင် အာဆင်နယ်က လေးဂိုးပြတ် သွင်းခဲ့သည်။

ကစားခဲ့သော ပွဲနှစ်ပွဲစလုံးတွင် အာဆင်နယ်သည် အထက်စီးမှ သက်သောင့်သက်သာဖြင့် ကစားခဲ့သည်။ ပွဲဦးထွက်ကစားပုံသည် ချယ်ရတီဒိုင်းပြိုင်ပွဲထက်ကောင်းသည်။ မစ်ဒယ်လ်ဘာရိုးနှင့်ပွဲတွင် အာဆင်နယ်၏ခြေသည် ပို၍ကောင်းသည်။ အချိတ်အဆက်၊ နားလည်မှုတို့ ဟာကွက်မရှိအောင် ကစားသွားသည်။

ခြေစွမ်းပြ

အက်စ်တွန်ဗီလာသည် ပွဲဦးထွက်တွင် ပထမတန်းမှ တက်လာသော ပို့စ်မောက်ကို နှစ်ဂိုး–တစ်ဂိုးဖြင့်ရှုံးသည်။ ဒုတိယပွဲစဉ်တွင် လီဗာပူးကို ဂိုးမရှိလိုက်ကစားခဲ့သည်။ ၎င်းပွဲသည် ပို့စ်မောက်ပွဲထက်ပိုကောင်းသည်။ ကွင်းလယ်ကစားကွက် ပီပြင်လာခဲ့သည်။ ဗက်ဆဲလ်၊ အိန်ဂျယ်၊ အောလ်ဘတ် စသည့် ကစားသမားဟောင်းကြီးများ ခြေစွမ်းပြခဲ့သည်။ နောက်တန်းမှ အသင်းခေါင်းဆောင် မယ်လ်ဘာနှင့်အဖွဲ့သည် လီဗာပူးတိုက်စစ်ကို ထိန်းနိုင်သည်။ ဆန်ဒါးလင်းမှ ပြောင်းလာသော ဂိုးသမား သောမတ်ဆိုရင်ဆင်သည်လည်း သေချာပေါက်ဂိုးများကို လက်စွမ်းပြ ကာကွယ်ခဲ့သည်။

ဗီလာ၏ လီဗာပူးပွဲခြေအရဆိုလျှင် အာဆင်နယ်ကို ခံကစား၍ရသည်။ သို့သော် တစ်ပွဲထက်တစ်ပွဲကောင်းလာသော အာဆင်နယ်ကို မည်သို့ပိတ်ဆို့ဟန့်တားမည်နည်းဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ နှစ်သင်းအနေအထားကို ချိန်ထိုးကြည့်လျှင် အာဆင်နယ်က သာသည်။ ဗီလာကို လျှော့တွက်လျှင် သရေဖြစ်သွားနိုင်သည်။ ကျန်ခဲ့သော ဘောလုံးရာသီက အာဆင်နယ်က တစ်ပွဲနိုင်ပြီး၊ တစ်ပွဲသရေကျသည်။ ပထမပွဲတွင် သုံးဂိုး–တစ်ဂိုးဖြင့် နိုင်သည်။ ဒုတိယပွဲမှာ တစ်ဂိုးစီ သရေကျခဲ့သည်။

နှာတစ်ဖျားသာသွားနိုင်

ယခုပွဲကို အာဆင်နယ် နိုင်အောင်ကစားလိမ့်မည်။ သရေကျလျှင် ပြိုင်ဘက်မန်ယူ နှာတစ်ဖျားသာသွားနိုင်သည်။

လီဗာပူ–စပါး(စ်)

လီဗာပူး၏ကံဇာတာသည် ယခုနှစ်ဘောလုံးရာသီတွင် ငုပ်နေသည်။ ပွဲဦးတွင် အထိုင်ကျရန် ကြိုးစားနေသော ချယ်လ်ဆီးနှင့် တွေ့သည်။ ယင်းပွဲ ပထမပိုင်းတွင် လီဗာပူးက ချယ်လ်ဆီးကို ဖိကစားနိုင်သည်။ သို့သော် ကစားသမားအင်အားတောင့်တင်းသော ချယ်လ်ဆီးက ဒုတိယပိုင်းတွင် ပို၍ ထိုးဖောက်ကစားလာသည်။ လီဗာပူး နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးသည်။ ဒုတိယပွဲတွင် လီဗာပူး သေချာပေါက်နိုင်သော်လည်း ဗီလာက အောက်မှလှန်၍ ကစားခဲ့သောကြောင့် ဂိုးမရှိ သရေကျသည်။

ပွဲထွက်မှာ ဘာမင်ဂမ်ကို ရှုံးလိုက်သောကြောင့် စပါး(စ်) အထိနာရသည်။ ဒုတိယပွဲတွင် စပါး(စ်)က လိဒ်စ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ယူလိုက်သည်။ သို့သော် စပါး(စ်) စုစည်းမှုပျက်နေသည်။ နဂိုကတည်းက နောက်တန်းအားနည်းလျက်ရှိရာ ဒဏ်ရာရသူများကြောင့် ပြုပြင်ဖာထေးရန် အခက်ကြုံနေသည်။ ရှေ့တန်းတွင် ပေါ့စတီဂါနှင့် ကနူတေးတို့သာ မာမာချာချာရှိသည်။ ဩစတြေးလျနှင့်ပွဲတွင် ရော်ဘီကိန်းဒဏ်ရာရသောကြောင့် ရှေ့တန်းအားပျော့သည်။

နိုင်ခြေရှိ

စပါး(စ်)ထက် လီဗာပူးက မြန်ဆန်မှုရှိပြီး ကစားကွက်ကောင်းသည်။ နေရာစုံထောင့်စုံမှ ထိုးဖောက်ကစားတတ်သည်။ မနှစ်က အနေအထားတွင် လီဗာပူးက စပါး(စ်)ကို နှစ်ပွဲစလုံးနိုင်သည်။ နှစ်ဂိုး–တစ်ဂိုး၊ သုံးဂိုး–နှစ်ဂိုးဖြစ်သည်။ လောလောဆယ်တွင် လီဗာပူးက တစ်မှတ်သာရသေးသည်။ စပါး(စ်)က သုံးမှတ်ရထားသည်။ ထို့ကြောင့် လီဗာပူးနိုင်မှဖြစ်မည်။ နိုင်ခြေလည်း ရှိနေသည်။

မန်ယူ–ဝုလ်ဗာဟမ်တန်

ဝုလ်ဗာဟမ်တန်သည် ပထမတန်းမှ တက်လာသော အသင်းဖြစ်သည်။ ဘလက်ဘန်းနှင့် ချာလ်တန်အသင်းများကို ဂိုးပြတ်များဖြင့် ရှုံးသည်။ ပထမပွဲတွင် ငါးဂိုး–တစ်ဂိုး၊ ဒုတိယပွဲ၌ လေးဂိုး–ဂိုးမရှိဖြင့် ရှုံးသည်။

အားနည်း

မန်ယူသည် ပွဲစကတည်းက အောင်မြင်မှုများဖြင့် စတင်ခဲ့သည်။ ဘော်လတန်ကို လေးဂိုး–ဂိုးမရှိ၊နယူးကာဆယ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်သည်။ ပွဲဦးထွက်နှစ်ပွဲစလုံးကို မန်ယူနိုင်ခဲ့သော ပရီမီယာလိဂ်၏ ခြေသည် အကောင်းချည်းမဟုတ်။ အချိတ်အဆက်လည်း ညံ့သည်။ တစ်ခါတစ်ရံ နောက်မှလိုက်တွဲပေးမည့်သူမရှိဘဲ ဖြစ်နေသေးသည်။ နောက်တန်း ဘယ်ဘက်ကြောကို ယခုတိုင် ပြုပြင်ဖာထေးရန် အားနည်းလျက်ရှိသည်။

မည်သို့ပင်ဖြစ်စေ မန်ယူသည် ယခုတိုင် ကံကောင်းနေဆဲပင်ဖြစ်သည်။ ယှဉ်ပြိုင်ရသော အသင်းများသည် သူ့ကို အန်တုနိုင်ခြင်းမရှိသေးချေ။ ယနေ့ကစားမည့် ဝုလ်ဗာဟမ်တန်မှာလည်း မန်ယူကို ယှဉ်ပြိုင်ကစားနိုင်သော အသင်းတစ်သင်းမဟုတ်ပေ။ မန်ယူကပင် အစစအရာရာ အသာစီးဖြင့် ကစားသွားနိုင်ပေလိမ့်မည်။ (ကြေးမုံ)

ကန့်ဘလူ၌ ဝါမျိုးသန့် စပေါင်းစိုက်ပျိုး

ကန့်ဘလူ ဩဂုတ် ၁၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ဝါမျိုးသန့် စပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၇နာရီက စန္ဒယားကျေးရွာနှင့် မြေဒူးကျေးရွာလမ်းဆုံ ကုလားတောကွင်း ကွင်းအမှတ် (၅၁၂/က)ရှိ တောင်သူ ဦးဌေးမြင့်၏ ယာတော၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်း၊ အတွင်းရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်ဝါလုပ်ငန်းမန်နေဂျာ ဦးထွန်းညွန့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာများ၊ စန္ဒယားကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

တစ်ကွင်းတစ်စပ်တည်း

စပေါင်းစိုက်ပျိုးသော ဝါမျိုးမှာ အမ်စီယူ/၉ မျိုးသန့်ဝါဖြစ်ပြီး တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးဧရိယာဧက ၁၁ဧကရှိသည်။

နေ့ချင်းပြီးဆောင်ရွက်

မျိုး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် နည်းပညာတို့ကို မြို့နယ်ဝါလုပ်ငန်းက ပံ့ပိုးကူညီပြီး ပိုင်ရှင်ဦးဌေးမြင့်နှင့် ဒေသခံတောင်သူများက ထွန်ရှည်း ၅၀ကျော်တို့ဖြင့် စပေါင်းထွန်ယက်ခြင်း၊ မျိုးစေ့ချစိုက်ပျိုးခြင်းတို့ကို တပျော်တပါး နေ့ချင်းပြီး ဆောင်ရွက်ကြသည်။ **(၃၈၆)**

ငါးမျိုး စိုက်ထည့်

ဧရာဝတီတိုင်းအတွင်းရှိ မြစ်ချောင်းအင်းအိုင်များတွင် ငါးမျိုးများ ပေါကြွယ်ဝစေရေးအတွက် မအူပင်ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်၊ မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းအောင်၊ ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်စိုးတို့ဦးစီးသော ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ရေပေါ်ကွင်းများတွင် ဩဂုတ် ၁၂ရက်က ငါးကောင်ရေ သိန်း ၉၀ကို မျိုးစိုက်ထည့်ကြစဉ်။

(၁၆၁)

မြို့နယ်သတင်းများ

မကွေးတိုင်း အထက်မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ ဩဂုတ် ၉ရက်က ဓေယျာသီရိဈေးအတွင်းအပြင် သန့်ရှင်းရေးနှင့် ဈေးပတ်ဝန်းကျင် ရေစီးရေလာ ကောင်းမွန်ရေး စပေါင်းဆောင်ရွက်ကြစဉ်။

(၀၇၆)

မော်လိုက်ခရိုင်လုံးကျွတ် ကော်ဖီ၊ ငရုတ်ကောင်း၊ လက်ဖက် စပေါင်းစိုက်ပျိုးပွဲကျင်းပ

မော်လိုက် ဩဂုတ် ၁၅

မော်လိုက်ခရိုင် ခရိုင်လုံးကျွတ် ကော်ဖီ၊ ငရုတ်ကောင်း၊ လက်ဖက်စပေါင်းစိုက်ပျိုးပွဲကို ဩဂုတ် ၉ရက် နံနက်က မော်လိုက်မြို့နယ် မြို့မ(၂)ရပ် မိုးကောင်းကျေးရွာအနီး သတ်မှတ်မြေကွက်တွင် ကျင်းပရာ မော်လိုက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်၊မြို့နယ်ဌာနဆိုင်ရာများ၏ စပေါင်းစိုက်ကွက်နေရာများတွင် ငရုတ်ကောင်းပင် ၁၂၅၁၉၂ပင် စိုက်ပျိုးခဲ့သည်။

လျာထားချက်ကျော်လွန်

မော်လိုက်ခရိုင်တွင် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၏ စီစဉ် ကြီးကြပ်မှုဖြင့် ကော်ဖီ ၉၅ ဧက၊ ငရုတ်ကောင်း ၄၉ ဧကနှင့် လက်ဖက် ဧက ၁၇၀ စိုက်ပျိုးပြီးဖြစ်ရာ လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

အထက(၂)လသာ အာစရိယပူဇော်ပွဲ

၂၀၀၂-၂၀၀၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ စာမေးပွဲအောင်မြင်သူ ကျောင်းသူအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၃၀-၈-၂၀၀၃(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် (၁၀)နာရီ
ကျင်းပမည့်နေရာ - မြည်လာခန်းမ
အထက(၂)လသာ။

၂၀၀၂ - ၂၀၀၃ ပညာသင်နှစ် အထက(၁)ဒဂုံ

တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၏ အာစရိယပူဇော်ပွဲကျင်းပရန်အတွက်ဖိတ်ကြားခြင်း

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၂-၂၀၀၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၏ အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ **ကျင်းပမည့်နေ့ရက်** - ၃၁-၈-၂၀၀၃(တနင်္ဂနွေနေ့)
၂။ **ကျင်းပမည့်အချိန်** - နံနက် (၉:၀၀)နာရီ
၃။ **ကျင်းပမည့်နေရာ** - ဒဂုံသီရိခန်းမ၊ အထက(၁)ဒဂုံ

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့။

မြတ်နိုးတွယ်တာလေးစားရတဲ့ချစ်ခင်ပွန်း၊ ကျေးဇူးရှင် ချစ်ပါးပါးအတွက်မွေးနေ့ဆုတောင်း

မီး မြတ်နိုး တွယ်တာ လေးစားရတဲ့ ချစ်ခင်ပွန်း၊ သမီးလေးနဲ့ သားလေးတို့အပေါ် တုနှိုင်းမမီ ကြီးမားမေတ္တာနဲ့ လွှမ်းခြုံထားတဲ့ ကျေးဇူးရှင် ချစ်ပါးပါး **ဦးမောင်မောင်စိုး** (August 27, 2003)ရက်နေ့မှာ ကျရောက်တဲ့ မွေးနေ့မှသည် နောင်သက္ကရာဇ်ပေါင်းများစွာ ကိုကို့ကို တွယ်တာ လေးစား ချစ်မြတ်နိုးရတဲ့ မီး၊ ပါးပါး မေတ္တာရိပ်အောက် မှီခိုအားထားပြီး ပါးပါးကို စံထားတဲ့သမီး၊သားနဲ့အတူ အောင်မြင်မှုပေါင်းများစွာနဲ့ ပြီးပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်ရစေပြီး ပါးပါးကိုချစ်ရတဲ့ ပါးပါးကချစ်တဲ့ ဒီမိသားစုလေးနဲ့အတူ အေးအတူပူအမျှ လျှောက်လှမ်းနိုင်ပါစေ---။

ချစ်ဇနီး: - မီး(ဒေါ်သီတာမေ)
ချစ်သမီး: - လင်းအိန္ဒြာမောင် @ Stephanie Teresa Soe
(Future Kidz International Education Center)
ချစ်သား: - အုပ်စိုးခန့် @ Oscar Tylar Soe
(Waing Nursery)
နှင့်
နှစ်ဖက်သောမိဘများနှင့်မောင်နှမများ။

DAGON MYANMAR

[illegible]

(10-9-2003)

(26-9-2003)

[illegible]

[illegible]

[illegible]

G.Link Computer
Hardware Course (A+)
Graphic Design Course

Microsoft Office XP, DTP, Access, ACCPAC, AutoCAD, C++, VB, JAVA

Graphic Design [illegible]

[illegible]

Ph : 243 982, 240 622 Fax : 240 622

[illegible]

ဖခင်အမည်မှန်

မောင်ထိန်လင်းပြေ အထက (၄) ပုဇွန်တောင် ဒသမတန်း(C)၏ ဖခင်အမည်မှန်မှာ ဦးဇာနီပြေ ဖြစ်ပါကြောင်း။ **ဦးဇာနီပြေ [၁၂/ဗတထ(နိုင်)၀၀၆၈၅၃]။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈က/၉၆၁၆ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၁)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ရောင်းမည်/ ကားနှင့် လဲမည်

- ဗိုလ်တထောင်ဘုရားလမ်းသွယ်၊ ၁၈' X၅၅' ပြင်ဆင်ပြီး၊ မြေညီ+၁၊ ရေ၊ မီးစုံ။

ဖုန်း - ၀၉-၆၉၇၁၀၇၂။

FMI GARDEN DEVELOPMENT LIMITED

Orchid Gardens

"FMI CITY"

သစ်ခွဥယျာဉ်မြေကွက်များနှင့် ကန်ရိပ်သာမြေကွက်များရောင်းချပွဲ

(၂၀-၈-၂၀၀၃)မှ (၃-၉-၂၀၀၃)ရက်နေ့အထိ အထူးဈေးနှုန်း

'ကုမ္ပဏီမှတိုက်ရိုက်ဝယ်ယူခြင်းဖြင့်'
(၁) အမည်ပေါက် နှစ် (၆၀)ဂရန်၊ ရေ/မီးအပြည့်အစုံ။
(၂) ဝယ်ယူသူမှအခွန်ပေးဆောင်ရန်မလိုပါ။
(၃) အရစ်ကျငွေချေစနစ်ဖြင့်ဝယ်ယူနိုင်သည်။

- ပေ (၈၀ × ၁၀၀) ကန်ရိပ်သာမြေကွက်များ
မိမိစိတ်ကြိုက်အိမ်ပုံစံဆောက်လုပ်နိုင်ပြီး
အေးချမ်းစွာအနားယူနိုင်မည့်နေရာ။
- ပေ (၈၀ × ၈၀) ကန်သာယာရိပ်သာမြေကွက်များ၊
သတ်မှတ်ပေးထားသော တစ်ထပ်တိုက်အိမ်ပုံစံဆောက်လုပ်နိုင်သည်။
(၅၀%) အားလစဉ်အရစ်ကျငွေပေးချေနိုင်သည့်စနစ်။

- ပေ (၈၀ × ၈၀) ရှိ သစ်ခွဥယျာဉ်မြေကွက်များ၊
သစ်ခွဥယျာဉ်အိမ်ပုံစံများဆောက်လုပ်နိုင်သည်။
- ပေ (၈၀ × ၈၀) ရှိ သစ်ခွဥယျာဉ်မှ
ပြင်ဆင်ပြီးလုံးချင်းနှစ်ထပ်တိုက်အိမ်များ။
(၅၀%) အားလစဉ်အရစ်ကျငွေပေးချေနိုင်သည့်စနစ်။

စိတ်ချမ်းသာစွာနေချင်လျှင်စိတ်ချမ်းသာဖို့ကောင်းတဲ့ဝန်ဆောင်မှုတွေအများကြီးရှိတဲ့နေရာမှာနေမှဖြစ်မယ်၊

FMI City ဘုရှိနေ့ဝင်တဲ့ထားအနီး ရန်ကုန်-ပုသိမ်လမ်းကြေးဘေး
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၂၄၄၅ လိုင်းခွဲအမှတ် (၀၀၀၃၊၀၀၀၅၊၀၀၀၆) Fax:681955, Email: fmi-city@spa.com.mm

အခွင့်အရေးထူးများကိုရရှိရန်
တစ်ခေါက်လောက်လာကြည့်ဖို့ဖိတ်ခေါ်အပ်ပါသည်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ခန့်ထားရန်–ကျပ်ငွေဖြင့်)

(1) Executive Assistant **မ (၁) ဦး**

အသက်(၂၉)ထက်မကြီး၊ အတွေ့အကြုံရှိပြီး ဘွဲ့ရကိုဦးစားပေးစဉ်းစားမည်။

(2) Office Assistant **ကျား၊ မ (၂) ဦး**

အသက်(၂၅)ထက်မကြီး၊ သွက်လက်စွာလုပ်ကိုင်တတ်သူကိုဦးစားပေးမည်။

(3) Computer Operator /DTP **ကျား၊ မ (၂) ဦး**

အသက်(၂၉)ထက်မကြီး၊Photoshopတတ်ကျွမ်းသူ(၁)ဦး/DTPတတ်ကျွမ်းသူ(၁)ဦး

(4) Sales /Marketing Assistant **မ (၄) ဦး**

အသက်(၂၇)ထက်မကြီး သွက်လက်စွာပြောဆိုတတ်၍ အများနှင့်ပြေပြစ်စွာဆက်ဆံနိုင်သူဖြစ်ရမည်။

(လစာအပြင်အခြားခံစားခွင့်ရှိသည်။)

ကိုယ်ရေးရာဇဝင် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်ဖော်ပြလျက်(၇)ရက်အတွင်း P.O Box 567, Yangon သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ဇမ္ဗူကျော် ထွက်ပြီ

"ထွက်သက်ဝင်သက်ရှူရှိုက်နည်းနှင့်စိတ်စွမ်းအားဖြင့် ရောဂါကုသနည်း"

စာအုပ်သည် ကုသိုလ်လည်းရ၊ ရောဂါလည်းပျောက်ကင်းစေသည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ လူမျိုးမရွေး ဝယ်ထားသင့်သော လျှို့ဝှက်ဆန်းကြယ်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

ဤစာအုပ်သည် အောက်ပါရောဂါဝေဒနာများ ပျောက်ကင်းနိုင်ပါသည်။

နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ထုံကျဉ်ကိုက်ခဲရောဂါ၊ အသက်ရှူကျပ်၍ချောင်းဆိုးရောဂါ၊ အဆုတ်နာရောဂါ၊ နာတာရှည်ရောဂါ၊ အစာမကြေရင်ခံရောဂါ၊ ရေမကြာခဏ ရေဆာတတ်သောရောဂါ၊ သွေးကြောအတွင်းသို့ အဆိပ်အတောက်ပိုးများ ဝင်သောရောဂါ၊ ခန္ဓာကိုယ်ပျင်းရိထုံထိုင်းခြင်း၊ တွေဝေခြင်း၊ ငိုက်မျဉ်းမှုရောဂါ၊ ကာလဝမ်းရောဂါ၊ ဆန်းကြယ်လျှို့ဝှက်ချက်များကို ဖော်ပြထားပါသည်။ ဤစာအုပ်ကို လေ့လာကျင့်သုံးခြင်းဖြင့် ထိပ်တန်းဗေဒင်ဆရာတစ်ယောက်ဖြစ်နိုင်ပါသည်။ ဤစာအုပ်သည် ဆေးဖိုးမကုန် ရောဂါများကို ကြိုတင်ကာကွယ်နိုင်သည့်အပြင် အသက်တစ်ရာကျော် ကျန်းမာစွာ နေထိုင်နိုင်ပါသည်။

တစ်အုပ်ချင်းဝယ်လိုပါက အောက်ပါလိပ်စာအတိုင်း မှာကြားနိုင်ပါသည်။ တစ်အုပ်၁၀၀၀ိ/–(တစ်ထောင်ကျပ်)ကတ်ထူးဖုံး၊ နော်ဝေစက္ကူကောင်းနှင့် အုပ်ရေကန့်သတ်ရိုက်နှိပ်ထားပါသည်။ အမှာစာများရှိက တိုက်သို့မှာကြားနိုင်ပါသည်။

စာမူခွင့်ပြုချက်–၄၄၆/၂၀၀၃(၅)

အောင်ဇမ္ဗူကျော်စာပေ

အမှတ်(၆၁/အေ–၂)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်စာတိုက်၊ ရန်ကုန်မြို့။

နေလစာပေ အမှတ်(၁၈၃)၊ ၃၁–လမ်း၊ ရန်ကုန်မြို့။

SUPREME GROUP OF COMPANIES ၏

HEAD OFFICE ... SEPTEMBER ...

Phone: 229791/ 229792/ 229794/ 229795/ 229796/229797/ 09-500-8204

Fax: 229753

E-mail-supreme@mptmail.net.mm / waterdr@supreme.com.mm

Web site: http://www.supreme.com.mm

အချို၊ အခြေ၊ အကျိတ်၊ အဖု

Honey Moon Car Rental

လချုပ် Sallon, Van, Pickup နှင့် လုပ်ငန်းသုံးယာဉ်မျိုးစုံ ငှားရန်ရှိသည်။ **Ph: 240832, 287129, 0950 18867.**

ရောင်းမည်

*** COMPUTER**
*** PRINTER (Laser-Jet)**
*** COPIER**

Ph: 593008.

မှန်ကန်မြန်ဆန်တဲ့ ဆုံးဖြတ်ချက်တွေ ချနိုင်ဖို့

- ထိကျမှန်ကန်တဲ့အချက်အလက်တွေအချိန်မီရဖို့လိုပါတယ်။
- ဒါတွေရဖို့ IT နည်းပညာတွေကိုအသုံးပြုမှဖြစ်ပါမယ်။

iPOS® *Point of Sale Software*

ကုန်ပစ္စည်းစာရင်းထိန်း ကွန်ပျူတာစနစ်

Yangon - 42-D, New University Avenue Rd., Bahan Tsp. Ph: (01) 703625,557638

Mandalay - No. 150(A), 1st Floor, 27th Street (Bet. 80th & 81st St.)

ကချာဘွဲ့မှူး၏အကောင်းဆုံးသီချင်းများကို တစုတစည်းတည်း ခံစားနားဆင်လိုပါလျှင် ...

ကချာဘွဲ့မှူး ရှင်ခုန်သံမှတ်တမ်းများ

Special Guest
Si Thu Lwin
EMPEROR
Nawarat (Wai Tun)
Harmony EverGlades

TAPE/CD ထွက်ပြီ

ကားစီးလုံးငှားမည်

ရန်ကုန်မြို့တွင်း/မြို့ပြင် လချုပ် / နှစ်ချုပ် ငှားလိုသူများ (၂၄ နာရီ ပိတ်ရက်မရှိပါ)

MT & K Tourism Co., Ltd.
Ph:663161, 666220, 4463521
09-5002127, 09-5016937

Town Ace°-°Pick°Up

Dash Board (၅)လုံးနှင့် အတူ ၎င်းအမျိုးအစား အပိုပစ္စည်းများ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် – ၀၉ ၅၀၀ ၁၈၄၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်လင်းအောင် မှတ်ပုံတင်အမှတ် [၁၄/ရကန(နိုင်)၀၀၀၂၀၀]၏ နိုင်ငံကူးလက်မှတ် (PP–၂၃၄၉၃၄) ပျောက်ဆုံးသွား၍ တွေ့ရှိက အမြန်ဆုံးဆက်သွယ်ပေးပါ။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း–၂၄၁၂၂၉။**

ပန်းလှိုင်မှ အထူးသတင်းကောင်း

Pun Hlaing Golf Estate
Life Style. Investment.

ယခင်မရရှိခဲ့ဖူးသော အခွင့်အရေးသစ်
မြေကွက်အသေးများစတင်ဖော်ထုတ်ရောင်းချပေးနေပြီ။

နှင်းဆီဥယျာဉ် အိမ်ရာများ

- စတုရန်းပေ (8000 sq.ft) မှ (10000 sq ft) ပတ်ဝန်းကျင်ရှိမြေကွက်များ။
- အဆောက်အအုံအားတစ်နှစ်အတွင်းစတင်ဆောက်လုပ်နိုင်သည်။
- ၅၀% လက်ငင်းပေးချေပြီး ကျန်ငွေအားလစဉ်အရစ်ကျပေးချေနိုင်သည်။
- ဝယ်ယူပြီးချိန်မှစတင်၍ ဂေါက်သီးရိုက်ကစားနိုင်သည်။
- သတ်မှတ်ကာလအတွင်းအထူးဈေးနှုန်းဖြင့်ရောင်းချပေးနေပြီ။

(၂၈–၈–၂၀၀၃) မှ (၃–၉–၂၀၀၃) ရက်နေ့အထိအထူးဈေးနှုန်း

ဦးရာလူနေနှစ်ဖြစ်သည့်အတွက် နေရာကောင်းများရွေးချယ်နိုင်ရန် အမြန်လာကြည့်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

၅၀ % အား အရစ်ကျ ပေးချေနိုင်သည်။

ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–(၀၁)–၆၈၄၀၂၀–၄

MCC

ICT ခေတ်မှာ internet ကို မသုံးတတ်လို့မဖြစ်တော့ဘူးလေ......

Introduction to internet course

အင်တာနက် အခြေခံသင်တန်း

......6 weeks ......2 weeks only

MCC STANDARD Computer Centre

- Basic Windows Course
- D.T.P Course, Graphic Design Course
- Web Design Course, E-mail & Internet Course
- Computerized Accounting Course, Programming Courses

El Dorado DIGITAL MEDIA

Graphic Design Course

Class 1 >> 1.9.03 > 10am - 12am (Mon to Thurs)
Class 2 >> 1.9.03 > 3pm - 5pm (Mon to Thurs)
Class 3 >> 30.8.03 > 9am -12am (Sat & Sun)
Adobe Illustrator 10,Adobe Photoshop 7,Logomotion, Bryce,Image Scanning and Printing.

Video Special Effects Course (Level 1)

Class 1>>1.9.03>1pm-3pm(Mon to Thurs)
Class 2>>13.9.03>1pm-3pm(Sat & Sun)
Adobe Premiere 6,Sound Forge,Morphing,Logomotion, Karaoke Titling.

ကွန် ပျူ တာ သင် တန်း များ

No. 157/169, C-2, 36th Street, Kyauktada TSP, Yangon, Myanmar.
Phone : 01-375 942, 381 217, 09 500 7520.

ကွန်ပျူတာသင်တန်းကျောင်း

Computerized Accounting (12 Weeks)
M.Y.O.B
IBM နှင့် Apple Computer နှစ်မျိုးစလုံးတွင် သုံးနိုင်သည်။
Software
Basic Computer Course (7 Weeks)
Apple နှင့် IBM-PC Window System နှစ်မျိုးလုံးဖြင့် သင်ကြားပေးပါသည်။

ဆက်သွယ်ရန်
240456

MIT MPEC

Window Basic Course

- Microsoft Word
- Microsoft Excel
- Microsoft PowerPoint
- Pagemaker
- E-mail & internet usages

Openingdate-30.8.03(10:00 to 12:00)
Saturday-Sunday

Queen Star Computer Center

Phone: 505278,502801,539151

သင် ရွှေဆိုင်ဖွင့်လိုပါသလား?

သန်းဖြိုးရတနာရွှေဆိုင်

မှ "အထူးသတင်းကောင်း"

ရွှေဆိုင်ဖွင့်လိုသူများနှင့် ရွှေပညာတတ်မြောက်လိုသူများအတွက်

သင်တန်းစမည့်ရက် ၁-၉-၂၀၀၃

၁။ရွှေ-အရောင်း ၂။ရွှေ-အဝယ်
၃။ရွှေ-အပေါင် ၄။ရွှေ-အချွတ်
၅။ရွှေ-ပန်းထိမ်အပ်နည်း ၆။ရွှေ-မှတ်ကျောက်ရည်ခွဲနည်း။

၎င်းပညာ(၆)မျိုးကို (၁)လအပြတ် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။
လစဉ်၊ လဆန်းတိုင်းသင်တန်းရှိသည်။

သင်ကြားမည့်နေ့ရက် -တနင်္လာနေ့မှ သောကြာနေ့ထိ
သင်ကြားမည့်အချိန် -နံနက်(၁၀:၀၀)နာရီမှ (၁၁:၃၀)ထိ
ညနေ (၄:၀၀)နာရီမှ (၅:၃၀)ထိ

ဆက်သွယ်ရန်လိပ်စာ-
၂၆၅၊ ပြည်လမ်းနှင့်ဗားကရာလမ်းထောင့်၊ မြေနီကုန်းမီးပွိုင့်အနီး၊
(သန်းဖြိုးရတနာရွှေဆိုင်နှင့်နာရီစတိုး) ဖုန်း-၅၂၅၅၇၉၊ ၇၂၃၂၇၆၊ ၅၀၅၆၃၆။

တော်ဝင်

အဆင့်မြင့်ခန်းဆီးလိုက်ကာ

542311 09-5002003

ခရုသင်းခြောက်မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

